# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 19 April 2022 ၁၀၇၀၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရေးအတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်ပြီး စွမ်းရည် စွမ်းအားရှိသည့် အရည်အချင်းရှိသည့် တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်ရမည်

## စစ်သည်တိုင်းကို စစ်အခြေခံလေ့ကျင့်ရေးမှသည် တာဝန်ထမ်းဆောင်သည့် နေရာဌာနအပေါ်မူတည်၍ တစ်ဆင့်မြင့်လေ့ကျင့်ရေးများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၈**

ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ အပါအဝင် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ လေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

### ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း ဥပဒေကျင့်ဝတ်စည်းကမ်းများတွင် နိုင်ငံရေးဆိုင်ရာ ဘက်လိုက်မှုမရှိရေးနှင့် ပါတီနိုင်ငံရေး ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ လေ့လာဆန်းစစ်ခြင်း


ဆောင်းပါး စာမျက်နှာ » ၁၀


### နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများ စတင်ဖွင့်လှစ်မည့် ကြေညာချက်


စာမျက်နှာ » ၁၁


### ယခုနှစ် ပထမသုံးလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ပမာဏ မြင့်တက်လာခဲ့




စာမျက်နှာ » ၁၂

ကြေးမုံ

# ရည်မှန်းချက်အောင်မြင်ရေး အစွမ်းကုန်ကြိုးပမ်း

မြန်မာသက္ကရာဇ် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်သစ်တွင် မျှော်မှန်းထားသော အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် နှစ်ဟောင်းကာလများအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်လာသော နောက်ဆက်တွဲအခက်အခဲများ၊ ရွေးကောက်ပွဲကာလတွင် မရိုးမသားဆောင်ရွက်သည့် ဒီမိုကရေစီနှင့် ဖီလာဆန့်ကျင်သည့် နိုင်ငံရေးအကျပ်အတည်းများကို ကြုံတွေ့ခဲ့ကြရပေသည်။

နှစ်သစ်တွင် အခက်အခဲ၊ အကျပ်အတည်းများကို ညီညွတ်သောစုပေါင်းအင်အားဖြင့် ကျော်လွှား၍ တိုင်းရင်းသားပြည်သူများအကျိုးစီးပွားအတွက် မျှော်မှန်းထားသော ရည်မှန်းချက်များအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ပြောကြားသည့် (၁) နိုင်ငံတော်ကြီးသာယာဝပြောရေး၊ (၂) တိုင်းပြည် စားရေရိက္ခာပေါများရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ် အောင်မြင်ရေးကို အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ကြမှသာ ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာဝပြောစွာဖြင့် လူတိုင်းလူတိုင်း ကိုယ်စိတ်နှစ်ပါး ချမ်းသာကြကာ လုပ်ကိုင်စားသောက်နိုင်မည့်အပြင် နိုင်ငံတကာနှင့်လည်း ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ယခုနှစ်အချိန်အခါသမယသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြိုနှစ်ဖြစ်သည်။ စိန်ရတုလွတ်လပ်ရေးနေ့ကို အလေးအမြတ်ပြုသောအားဖြင့် လွတ်လပ်ရေး၏အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေး၏ အနှစ်သာရများကို အပြည့်အဝခံစားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့အပြင် ယခုနှစ် ပြည်ထောင်စုနေ့သည် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဖြစ်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ချစ်ခင်စည်းလုံးစွာဖြင့် ညီညီညွတ်ညွတ်နေထိုင်ကြရမည်ဖြစ်သည်။ သို့မှသာ အေးချမ်းသာယာဝပြောသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်သည်။

ယနေ့အချိန်အခါသမယတွင် ပြည်သူအချင်းချင်းအကြား၊ တိုင်းရင်းသားပြည်သူများအကြား သွေးကွဲရမည့်အချိန်အခါမဟုတ်ပေ။ တစ်မိသားစု၊ တစ်မြေတည်းနေမွေးဖွားလာသော ညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းကွဲရသည့် အကြောင်းရင်းအမှန်ကို သေချာဆန်းစစ်လေ့လာကြည့်ဖို့လိုမည်ဖြစ်သည်။ မိသားစုအချင်းချင်း အယူအဆကွဲပြားမှုများ ရှိမည်ဖြစ်သော်လည်း ဘေးပယောဂကြောင့်၊ ပြင်ပမှ သွေးထိုးမှုများကြောင့် စိတ်ဝမ်းကွဲပြားရသည်ကို သတိပြုမိကြရန် လိုအပ်ပေသည်။ ညီနောင်အချင်းချင်း စိတ်ဝမ်းကွဲပြားမှုများကြောင့် ရှည်လျားစွာကြာမြင့်ခဲ့သည့် ပဋိပက္ခများသည် မိမိတို့၏မိသားစုဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် အမိပြည်ထောင်စုကြီးသာ အဆိုးသံသရာတွင် နစ်မွန်းနေသည်ကို သတိပြုရမည်ဖြစ်သည်။

မငြိမ်းချမ်းမှု ရှည်ကြာလာသောကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပြီး ပတ်ဝန်းကျင်ကြား၊ နိုင်ငံတကာအလယ်တွင် မျက်နှာငယ်နေရသည်ကိုလည်း သတိပြုမိဖို့လိုသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကမ္ဘာ့အလယ်တွင် ဝင့်ထည်တင့်တယ်စွာနေနိုင်ရေးအတွက် အားလုံးစည်းလုံးညီညွတ်ကြကာ ကြိုးပမ်းအားထုတ်ဖို့ လိုမည်ဖြစ်သည်။ တိုင်းပြည်တွင် အဖျက်အမှောင့် အနှောင့်အယှက်များရှိနေသော်လည်း အားလုံးလက်တွဲကျော်လွှားပြီး စိန်ခေါ်မှုများကို ဖြတ်ကျော်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး အလုပ်လုပ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များ အလုံအလောက်ရှိပေသည်။ နိုင်ငံအတွင်း မည်သို့ပင် စိန်ခေါ်မှုများ၊ အခက်အခဲများရှိသည်မှန်သော်လည်း မိမိတိုင်းပြည်၊ မိမိတို့ဘဝအတွက် အလုပ်လုပ်ကြရမည်ဖြစ်ပေသည်။ အလုပ်လုပ်မှလည်း မိမိတိုင်းပြည်၊ မိမိတို့စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး တင့်တယ်စွာနေထိုင်နိုင်ကြမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူအားလုံး၏ လိုအင်ဆန္ဒမှာ ငြိမ်းချမ်းစွာဖြင့် စားသောက်နေထိုင်နိုင်ရေးဖြစ်သည်။ ထို့ကြောင့် မည်သို့သောအခြေအနေရှိသည်ဖြစ်စေ တိုင်းရင်းသားပြည်သူအားလုံး စားရေရိက္ခာပေါများကြွယ်ဝရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်နိုင်အောင်လည်း နိုင်ငံတော်တွင် အခြေခံကောင်းများရှိပြီး လုပ်နိုင်စွမ်းအားများလည်း ရှိသဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအားလုံး အကျိုးစီးပွားအတွက် မျှော်မှန်းထားသော အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မေ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရတနာပင်စည်မြောက်ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဓမ္မသိဂီမင်းကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒက္ခိဏာရာမပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ အသောကရာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရှိ မင်းကျောင်း ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေစိုတစ်ခါခြောက်တစ်လှည့် ရေထိန်းသွင်းသည့်နည်းစနစ် ဆင့်ပွားသင်တန်းဖွင့်လှစ်

**ရွှေဘို မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ ရှင်ယွန်းစံခန်းမတွင် ရေစိုတစ်ခါခြောက်တစ်လှည့် ရေထိန်းသွင်းသည့် နည်းစနစ် AWD(Alternate Welting and Drying Method) ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ရေလိုအပ်ချက်နည်းသောစိုက်နည်းစနစ်ကို တောင်သူများ လိုက်နာဆောင်ရွက်နိုင်စေရန်နှင့် ရေကိုချွေတာသုံးစွဲတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်။ သင်တန်းတွင် ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဇာဇာမင်းက ရေစိုတစ်ခါခြောက်တစ်လှည့် ရေထိန်းသွင်းသည့် နည်းစနစ်များအကြောင်းကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး စိုက်ကွင်းရေပြွန် အသုံးပြုပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။



ထို့အပြင် ကွင်းဝန်ထမ်းများက တောင်သူများ လိုက်ပါဆောင်ရွက်နိုင်စေရန် စည်းရုံးပညာပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ်နွေစပါးရာသီတွင် ရေစိုတစ်ခါခြောက်တစ်လှည့်ရေထိန်းသွင်းစနစ်စံပြကွက် ဧက ၅၀ ကို ကျေးရွာအုပ်စု ငါးအုပ်စု၊ တောင်သူ ၁၂ ဦးတို့၏ လယ်မြေများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ စိုက်ပျိုးပညာပေးကွင်းဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း ရွှေဘိုမြို့နယ်ဦးစီးမှူးဒေါ်ဇာဇာမင်းထံမှ သိရသည်။

**အေးမြသက်ထား**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈ - ၄-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၈၀၀ | ၇,၈၀၀ | ၇၇၁ | ၆,၀၁၃,၈၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၂,၂၃၅ | ၅,၉၆၅,၃၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၉၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၀.၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၉၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၃၅.၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၂၆၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၆၂.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၅၉.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၁.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၇၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**စစ်သည်များအနေဖြင့် မိမိလုပ်ဆောင်နေသည့် အလုပ်များကို ပိုမိုကောင်းမွန်အောင် ကြံဆ လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေးနှင့် မိမိကိုယ်ကိုမိမိ အဆင့်မြှင့်တင်နေခြင်းဖြစ်သည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် လေ့ကျင့်ရေးနှင့်ပတ်သက်၍ မှာကြားနိုင်ရေး ယခုကဲ့သို့ စုစုစည်းစည်းဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ **တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရေးအတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်ပြီး စွမ်းရည် စွမ်းအားရှိသည့် အရည်အချင်းရှိသည့် တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်ရမည်ဖြစ်**ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် အခြေခံလေ့ကျင့်ရေးနှင့် တန်းမြင့်လေ့ကျင့်ရေးတို့ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ စစ်သားကောင်းတစ်ယောက်ဖြစ်စေရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းရန်၊ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ **“ချွေးထွက်များမှ သွေးထွက်နည်းမည်”**ဟူသည့် ဆောင်ပုဒ်နှင့်အညီ သင်တန်းကျောင်းများတွင် လေ့ကျင့်ပေးသည်များရှိသကဲ့သို့ တစ်ဦးချင်း နေ့စဉ် လုပ်ဆောင်နေရသည့် တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်လိုက်နာခြင်းသည်လည်း လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသည့် လေ့ကျင့်ရေး**ဆောင်ပုဒ်အတိုင်း သင်ကြားပေးထားသည့်အတိုင်း လိုက်နာနေထိုင်ခြင်းသည် တစ်ဦးချင်းနှင့် တစ်ဖွဲ့၏ အရည်အချင်းကို ထိန်းသိမ်းမြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူရမည်ဖြစ်ကြောင်း၊ စစ်သားတစ်ဦး၏အလုပ်သည် သင်ကြားပေးထားသည့်အတိုင်း လုပ်ဆောင်ခြင်းပင်ဖြစ်ပြီး မိမိအရည်အချင်းကို မြှင့်တင်ရန်၊ မိမိအရည်အသွေးကို မြှင့်တင်ရန် မိမိကိုယ်တိုင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးမှစ၍ ဝတ်စားဆင်ယင်မှု ပုံစံကျအောင် နေထိုင်ခြင်းဖြင့် မိမိကိုယ်ကိုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးနှင့် ပတ်သက်လာပါက စနစ်တကျ သင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်ပြီး နေ့စဉ် မိမိကိုယ်ကို စနစ်တကျ နေထိုင်တတ်မှုနှင့် ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ဘဝတစ်လျှောက်လုံး အသားကျဖြစ်အောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်အုပ်ချုပ်မှုကျောင်း၌ ဥပဒေဒီပလိုမာသင်တန်းသားအရာရှိများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်အုပ်ချုပ်မှုကျောင်း၌ သင်တန်းအထောက်အကူပြုဆိုင်ရာ ဥပဒေစာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။

- ☆ **စစ်သားကောင်း တစ်ယောက်ဖြစ်စေရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းရန်၊ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်မည်**
- ☆ **“ချွေးထွက်များမှ သွေးထွက်နည်းမည်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ သင်တန်းကျောင်းများတွင် လေ့ကျင့်ပေးသည်များရှိသကဲ့သို့ တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်နေရသည့် တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်လိုက်နာခြင်းသည်လည်း လေ့ကျင့်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်**
- ☆ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသည့် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း သင်ကြားပေးထားသည့်အတိုင်း လိုက်နာနေထိုင်ခြင်းသည် တစ်ဦးချင်းနှင့် တစ်ဖွဲ့၏အရည်အချင်းကို ထိန်းသိမ်းမြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူရမည်**
- ☆ **စစ်သားတစ်ဦး၏ အလုပ်သည် သင်ကြားပေးထားသည့်အတိုင်း လုပ်ဆောင်ခြင်းပင်ဖြစ်ပြီး မိမိအရည်အချင်းကို မြှင့်တင်ရန်၊ မိမိအရည်အသွေးကို မြှင့်တင်ရန် မိမိကိုယ်တိုင် ဆောင်ရွက်ရမည်**

**စနစ်တကျရေးဆွဲထားရှိသည့် သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်**

စစ်သည်တိုင်းကို စစ်အခြေခံလေ့ကျင့်ရေးမှသည် တာဝန်ထမ်းဆောင်သည့် နေရာဌာနအပေါ်မူတည်၍ တစ်ဆင့်မြင့် လေ့ကျင့်ရေးများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ သင်ကြားပေးရာတွင်လည်း သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းသည် အဓိကကျပြီး သင်ရိုးညွှန်းတမ်းရေးဆွဲရာ၌ နိုင်ငံတော်၏ ကာကွယ်ရေးမူဝါဒနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ မိမိတပ်များ၏ စွမ်းရည်ကို မြှင့်တင်နိုင်မှု ရှိ၊ မရှိ သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပြီး ပိုမိုပြည့်စုံကောင်းမွန်စေရေး နိုင်ငံတကာမှ သင်ရိုးညွှန်းတမ်းများကိုလေ့လာ၍သော်လည်းကောင်း၊ ခေတ်အလိုက် သင်ကြားရာမှ လိုအပ်ချက်များကို ထပ်မံဖြည့်စွက်၍သော်လည်းကောင်း ရေးဆွဲရမည်ဖြစ်ပြီး ကောင်းမွန်သည့် လေ့ကျင့်ရေးမှ ကောင်းမွန်ပြီး အရည်အသွေးရှိသည့် စစ်သည်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် တတ်ကျွမ်းသည့် စစ်သည်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာရှိရေးကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ထားမှသာလျှင် လေ့ကျင့်သားပြည့်ဝမည်ဖြစ်ပြီး တစ်ဦးချင်းကိုင်တွယ်ရမည့် လက်နက်နှင့် လက်ရုံးတပ်ဖွဲ့များအလိုက် ကိုင်တွယ်ရသည့် ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ »»

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဠ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရသမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနကို ဆိုသည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

»»» စာမျက်နှာ ၃ မှ

**သင်ကြား၊ သင်ယူခဲ့ရသည့် ပညာရပ်များကို အသုံးချ၍ လက်တွေ့နယ်ပယ်တွင် ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရေး အရည်အသွေးပြည့်ဝသည့် နည်းပြများဖြင့် သင်ကြားပေးရမည်**

ထို့ပြင် နည်းပြများသည်လည်း အရည်အသွေးပြည့်ဝရန်လိုပြီး အရည်အချင်းရှိသည့် နည်းပြများဖြစ်ရန်လိုကြောင်း၊ နည်းပြများအနေဖြင့် ကိုယ်တိုင်ဖတ်ရှုလေ့လာမှတ်သား၍ တစ်ဦးချင်းအရည်အသွေးရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်ပြီး သင်တန်းသားများ နားလည်သဘောပေါက်အောင် သင်ကြားပြသပေးနိုင်သည့် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသားများ၏ အထင်ကြီးလေးစားမှုခံရသည့် နည်းပြများဖြစ်စေရေး မိမိတို့ တစ်ဦးချင်း၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ သင်တန်းသားအချိုးနှင့် နည်းပြအချိုးကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျ သင်ကြားလေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း Check လုပ်ရမည်ဖြစ်ပြီး စည်းကမ်းရှိအောင် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သားမပြည့်ဝခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေနိုင်သည့်အတွက် စနစ်တကျ လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

**တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကို စစ်သားကောင်းပီသအောင် လေ့ကျင့်တည်ဆောက်ပေးရမည်**

ထိုသို့ လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ အာဟာရပြည့်မီအောင် တွက်ချက်၍ ပြည့်ပြည့်ဝဝကျွေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးမှသာလျှင် စစ်သည်တစ်ဦးချင်း ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးလာမည်ဖြစ်ကာ စစ်သားကောင်းတစ်ယောက်ပီသသည့် ရုပ်ပိုင်းဆိုင်ရာကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန်မှသာလျှင် စိတ်ဓာတ်ပိုင်းလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ စိတ်ပိုင်းဆိုင်ရာကိုလည်း အားပေးမြှင့်တင်၍ လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်တန်းသားတစ်ဦးချင်းစီ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်ကို နည်းပြများအနေဖြင့် သိရှိနေရမည်ဖြစ်ပြီး မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အဆင့်နှင့်လျော်ညီသည့် အတွေးအခေါ်ပိုင်းကို တိုးတက်ဖွံ့ဖြိုးအောင် သင်ကြားလေ့ကျင့်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ လေ့ကျင့်ရေးမှသည် အရည်အသွေး ပြည့်ဝကောင်းမွန်သည့် အရာရှိ၊ စစ်သည်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် ကျောင်းများအလိုက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို စနစ်တကျနှင့် ဖိဖိစီးစီး ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

> ☆ **မိမိတို့သည် ပါတီစုံဒီမိုကရေစီကို လျှောက်လှမ်းနေခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်နေခြင်းဖြစ်သည့်အတွက် ဥပဒေကို ပိုမိုသိရှိလိုက်နာရမည်**
>
> ☆ **ဥပဒေသည် စည်းကမ်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး စည်းကမ်းသည် ကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင် ဆောင်ရွက်ခြင်းပင်ဖြစ်**
>
> ☆ **ထို့ကြောင့် ဥပဒေ၏ အနှစ်သာရနှင့် အခြေခံကို သိရှိမှသာလျှင် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်ကြားပေးသည့် ဥပဒေပိုင်းဆိုင်ရာပညာရပ်များကို အမှန်တကယ်သိရှိတတ်မြောက်အောင် သင်ယူကြစေလို**
>
> ☆ **နိုင်ငံတကာတွင်လည်း မည်သည့်ကိစ္စမဆို ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြသည်ဖြစ်သည့်အတွက် ဥပဒေပညာရပ်သည် မဖြစ်မနေ သိသင့်သိထိုက်သည့် ပညာရပ်တစ်ခုပင်ဖြစ်**

**ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်၊ လေ့ကျင့်ရေးသင်တန်းကျောင်းများအလိုက် လေ့ကျင့်ရေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် အထွေထွေလိုအပ်ချက်များ တင်ပြ**

ထို့နောက်စစ်တက္ကသိုလ်၊တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်အုပ်ချုပ်မှုကျောင်းတို့ အပါအဝင် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ လေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက သက်ဆိုင်ရာ တက္ကသိုလ်၊ လေ့ကျင့်ရေးကျောင်းများအလိုက် သမိုင်းအကျဉ်း၊ လေ့ကျင့်ရေးဆောင်ရွက်ပေးနေမှု အခြေအနေ၊ တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ၊ သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်မှု၊ လေ့ကျင့်သင်ကြားနိုင်မှုတို့ကို ဆန်းစစ်သုံးသပ်ချက်များနှင့် တွေ့ရှိချက်များ၊ အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က တပ်မတော်တွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နည်းပြများ၏ အရည်အချင်းမြှင့်တင်နိုင်ရေး နည်းပြမွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သင်တန်းသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တက္ကသိုလ်များ၊ သင်တန်းကျောင်းများအလိုက် အထွေထွေလိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေး ဘူမိနက်သန်မြေဖြစ်သည့်အတွက် စံနမူနာပြ ဖြစ်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စစ်အတတ်ပညာသည် မိမိကိုယ်ကို ကာကွယ်နိုင်ရန်ဖြစ်ပြီး လုပ်ငန်းပိုင်းနှင့်သက်ဆိုင်သည့် အတတ်ပညာသည် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူကောင်းမွန်စေရန်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့်ပတ်သက်၍ မွမ်းမံသင်တန်းများကို သင့်တော်သည့် ကာလအပိုင်းအခြားများအလိုက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် သင်တန်းသားအချင်းချင်း အတွေ့အကြုံများ ဖလှယ်နိုင်မည်ဖြစ်ပြီး တပ်ဖွဲ့၏ အရည်အသွေးပိုင်းကိုလည်း ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ လက်ရုံးတပ်ဖွဲ့အလိုက် အမျိုးသမီးအရာရှိ၊ စစ်သည်များ တာဝန်ထမ်းဆောင်လျက်ရှိပြီး ညီရင်းအစ်ကို၊ မောင်ရင်းနှမ စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ဆောင် သင်ကြားပေးရန်လိုကြောင်း၊ တစ်ဦးချင်း အပြန်အလှန် လေးစားစွာဖြင့် စောင့်ရှောက်ရန်လိုပြီး အမျိုးသမီးစစ်သည်များ၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုကြောင်း။

လေ့ကျင့်ရေးသည် တပ်မတော်၏စွမ်းရည်မြှင့်တင်ရေးတွင် အဓိကကျပြီး စွမ်းရည်ကိုမြှင့်တင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ သင်တန်းကျောင်းအချင်းချင်း အပြန်အလှန် လေးစားစွာဖြင့် ချစ်ခင်ရင်းနှီးစွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ တစ်နိုင်ငံလုံးမှ လာရောက်သင်ယူနေကြသည့် သင်တန်းသားများကို လေ့ကျင့်ပေးနေရသူများဖြစ်သည့်အတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်အောင် စံနမူနာပြ နေထိုင်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဥပဒေဒီပလိုမာ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်မတော်အုပ်ချုပ်မှုကျောင်းအတွင်း ဥပဒေဒီပလိုမာ သင်တန်းသားအရာရှိများအား တွေ့ဆုံ၍ တပ်မတော်သားများအနေဖြင့် ဥပဒေကို သိရှိနားလည်လိုက်နာရန် လိုအပ်သည့်အတွက် ဥပဒေသင်တန်းများကို ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ပါတီစုံဒီမိုကရေစီကို လျှောက်လှမ်းနေခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်နေခြင်းဖြစ်သည့်အတွက် ဥပဒေကို ပိုမိုသိရှိလိုက်နာရမည်ဖြစ်ကြောင်း၊ ဥပဒေသည် စည်းကမ်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး စည်းကမ်းသည် ကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေ၏အနှစ်သာရနှင့် အခြေခံကို သိရှိမှသာလျှင် ဥပဒေအတိုင်းလိုက်နာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်ကြားပေးသည့် ဥပဒေပိုင်းဆိုင်ရာ ပညာရပ်များကို အမှန်တကယ်သိရှိတတ်မြောက်အောင် သင်ယူကြစေလိုကြောင်း၊ နိုင်ငံတကာတွင်လည်း မည်သည့်ကိစ္စမဆို ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြသည်ဖြစ်သည့်အတွက် ဥပဒေပညာရပ်သည် မဖြစ်မနေ သိသင့်သိထိုက်သည့် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း။

ဥပဒေပညာရပ်သည် မိမိတို့၏ အုပ်ချုပ်ရေးစွမ်းရည်ကို ပိုမိုမြှင့်တင်ပေးနိုင်စေမည်ဖြစ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များသို့ ပြန်လည်ရောက်ရှိပြီး တစ်ဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်မည်ဆိုပါက အထောက်အကူများစွာ ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားပေးသည်များကို ကြိုးစားသင်ယူခြင်းသာမက ဥပဒေ၏ အနှစ်သာရကိုလည်း ဖတ်မှတ်လေ့လာရန်လိုကြောင်း၊ သင်တန်းပြီးစီးပါကလည်း မိမိတို့၏ ရဲဘော်ရဲဘက်များ၊ စစ်သည်များကို ဥပဒေနှင့် ပတ်သက်သည့် အသိပညာများကို မျှဝေပေးရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းအထောက်အကူပြုဆိုင်ရာ ဥပဒေစာအုပ်စာတမ်းများ၊ စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် Governor House ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

❖ **အမျိုးသား ဥယျာဉ်ဖြစ်၍ ပန်းခြံသီးသန့်ကိုသာ ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်း မဟုတ်ဘဲ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိက ဆွဲဆောင်ထားသည့် ရေကန်များ သာယာလှပရန်နှင့် ရေကိုစနစ်တကျ ထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်**

❖ **ရေဝင်ရောက်ရန်နှင့် ရေကိုထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လို**

**နေပြည်တော် မေ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွန်းဦး၊ ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဘုရင်ခံအိမ်တော် (Governor House) ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### အမျိုးသားကန်တော်ကြီးဥယျာဉ် ဆိုင်ရာများ ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဥယျာဉ်ရှင်းလင်းဆောင် ခန်းမ၌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်တို့က အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှု အားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည့် အခြေအနေ၊ ထိုသို့ကြုံတွေ့ခဲ့ရမှုကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၆ ရက် ခရီးစဉ်လမ်းညွှန်ချက်နှင့်အညီ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ ရေဝင်ရောက်သည့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ရေလမ်းကြောင်း ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လျက်ရှိသည့်အခြေအနေ၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### အဆင့်မီသည့် ဥယျာဉ်ကြီးတစ်ခုအဖြစ် ရှိနေစေရေး ရှိရင်းစွဲ နာမည်ကျော်ကြားမှုကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်ရမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးသည် ပြင်ဦးလွင်မြို့၏ land mark ဖြစ်ကြောင်း၊ ဥယျာဉ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်းစားဆောင်ရွက်စေလိုကြောင်း၊ အမျိုးသားဥယျာဉ်ဖြစ်၍ ပန်းခြံသီးသန့်ကိုသာ ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်း မဟုတ်ဘဲ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိက ဆွဲဆောင်ထားသည့် ရေကန်များ သာယာလှပရန်နှင့် ရေကိုစနစ်တကျ ထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ရောက်ရန်နှင့် ရေကို ထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကန်တော်ကြီးဥယျာဉ်၏ ဧရိယာ ၄၃၆ ဧကကျော်တစ်ခုလုံးကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မိုးရွာသွန်းမှု အားနည်းသည်ကို တွေ့ရှိရပြီး ၂၀၂၁ ခုနှစ်တွင် မိုးရွာရက်များခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မိုးရွာသွန်းမှုများပြားမည်ဟု ခန့်မှန်းချက်များအရ သိရှိရကြောင်း၊ ယခင်က ပြင်ဦးလွင်မြို့သည် သစ်ပင်သစ်တောများ အလွန်ပေါများပြီး ထင်းသုံးစွဲမှုများပြားခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးမှု များပြားလာကြောင်း၊ ထို့ကြောင့် ယခင် တပ်မတော်အစိုးရလက်ထက်တွင် ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရန် ရည်ရွယ်၍ အရိပ်ရ ကော်ဖီစိုက်ကေများစွာကို ပြင်ဦးလွင်မြို့၌ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကော်ဖီခြံနှင့်တွဲလျက် အရိပ်ရသစ်ပင်များဖြင့် ပြန်လည်စိမ်းလန်းစိုပြည်ရေး ရည်ရွယ်ခဲ့သော်လည်း စနစ်တကျ စိုက်ပျိုးမှုမရှိခြင်းကြောင့် ရာနှုန်းပြည့် အောင်မြင်ခြင်းမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးခြံများကို အလုံပိတ်စနစ်ဖြင့် ကာရံခြင်းတို့ကြောင့် စိမ့်ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသည့်အတွက် ရေဝင်ရောက်မှု နည်းပါးလာခြင်း ဖြစ်ကြောင်း။

ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ကန်တော်ကြီးဥယျာဉ် ရေဝင်ရောက်မှု၊ ရေထိန်းသိမ်းနိုင်မှုတို့ကို ဟန်ပြအနေဖြင့်သာ ဆောင်ရွက်ခြင်း မဖြစ်စေလိုဘဲ စနစ်တကျဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေလိုကြောင်း၊ ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်လျက်ရှိသည့်အတွက် ကန်တော်ကြီးဥယျာဉ်အတွင်း၌လည်း စနစ်တကျဖြင့် သန့်ရှင်းသာယာလှပမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကို **စာမျက်နှာ ၆ သို့** ✪

❖ **ပြင်ဦးလွင်မြို့ကို တောင်ပေါ် အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်လျက်ရှိသည့်အတွက် ကန်တော်ကြီး ဥယျာဉ်အတွင်း၌လည်း စနစ်တကျဖြင့် သန့်ရှင်းသာယာလှပမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရမည်**

❖ **လက်ရှိတွင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီး လိုအပ်သည်များကို ဖြေလျှော့ပေးပြီးဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်ရာတွင် အဆင့်မီသည့် ဥယျာဉ်ကြီးတစ်ခုအဖြစ် ရှိနေစေရေး ဆောင်ရွက်ထားရန်လို**

✪ စာမျက်နှာ ၅ မှ

အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီး လိုအပ်သည်များကို ဖြေလျှော့ပေးပြီးဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်ရာတွင် အဆင့်မီသည့် ဥယျာဉ်ကြီးတစ်ခုအဖြစ် ရှိနေစေရေး ဆောင်ရွက်ထားရန်လိုကြောင်း၊ နဂိုရှိရင်းစွဲ နာမည်ကျော်ကြားမှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဥယျာဉ်ကို လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီက သန့်ရှင်းသာယာလှပရေးအပိုင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး အစိုးရတာဝန်ရှိသူများနှင့်လည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးမှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဝေရေလဲဇရိယာနေရာများနှင့် ဥယျာဉ်အတွင်း ရေဝင်၊ ရေထွက်နှင့် လေဝင်၊ လေထွက် ကောင်းမွန်စေရေး အောက်ခြေရှင်းလင်းခြင်းများနှင့် အလင်းဖွင့်ခြင်းများ လုပ်ဆောင်ပေးရန်နှင့် လိုအပ်ပါက တတ်ကျွမ်းသည့် ပညာရှင်များဖြင့် တိုင်ပင်လုပ်ဆောင်ကြရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်လေး ရေထိန်းတံခါး ပြုလုပ်ဆောင်ရွက်ထားရှိသည့်နေရာသို့ ရောက်ရှိစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ ယခင်နှစ်ပိုင်းက ရေဝင်ရောက်မှု နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ပြင်ဦးလွင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ ဘုရင်ခံအိမ်တော် (Governor House) ထိန်းသိမ်းထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

မြို့သို့လာရောက်သည့် ခရီးစဉ်များတွင် ကန်တော်ကြီးရေကန်များ၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှု များပြားစေရေးအတွက် ဥယျာဉ်အတွင်းနှင့် ရေဝေရေလဲဇရိယာအတွင်းရှိ ညောင်နီရေထွက်အပါအဝင် သဘာဝရေထွက်များကို လိုက်လံကြည့်ရှု လမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများက ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ် စစ်ဆေးစဉ် ရေလျှောင်ကန်အတွင်း ကန်ရေအနက် ၁၆ ပေသာ ရှိခဲ့ရာမှ ယခုအခါတွင် ပေ ၂၀ သို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ဧပြီ ၁၇ ရက် တိုင်းတာချက်များအရ ကန်အမှတ် (၁) တွင် ရေပြည့်အမှတ် ခြောက်ပေရှိသည့်အနက် လက်ရှိရေအမှတ် ၆ ဒသမ ၅ ပေ၊ ကန်အမှတ် (၂) တွင် ရေပြည့်အမှတ် ခုနစ်ပေရှိသည့်အနက် လက်ရှိရေအမှတ် ခုနစ်ပေ၊ ကန်အမှတ် (၃) တွင် ရေပြည့်အမှတ် ၁၁ ပေ ရှိသည့်အနက် လက်ရှိရေအမှတ် ၇ ဒသမ ၄ ပေ၊ ကန်အမှတ် (၄) တွင် ရေပြည့်အမှတ် ၃၂ ပေရှိသည့်အနက် လက်ရှိရေအမှတ် ပေ ၂၀ ရှိကြောင်းသိရပြီး ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင်ခံအိမ်တော် (Governor House) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဘုရင်ခံအိမ်တော်(Governor House) ပတ်ဝန်းကျင်အား လိုက်လံကြည့်ရှုစစ်ဆေးပြီး စနစ်တကျရှိရန်နှင့် မျက်စိပသာဒဖြစ်ရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၂ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးမည့် ပျိုးပင်များပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်းပျိုးဥယျာဉ်အတွင်း ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ပြင်ဦးလွင်မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းထားရှိမှု၊ ၂၀၂၂ ခုနှစ် မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ချယ်ရီမြို့တော်ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်နှင့် ဆင်လမ်းဆည် ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များ မှာကြားသည်။

ပြင်ဦးလွင်မြို့နယ်ကို ချယ်ရီမြို့တော်ဖြစ်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးရာသီတွင် သဘာဝတောများ၌ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း၊ လမ်းဘေး ဝဲ/ ယာ တစ်အုပ်တစ်မ/ အတန်းလိုက် စိုက်ပျိုးခြင်း၊ လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ၌ စိုက်ပျိုးခြင်းစသည့် နည်းလမ်းလေးမျိုးဖြင့် ချယ်ရီပျိုးပင် ၄၃၇၇၅ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပုတောမြို့နယ် ပုတော-ဝက်ဆူလမ်းခွဲ ကျောက်အမာခံ လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး



**ပုတော ဧပြီ ၁၈**

ရောဝတီတိုင်းဒေသကြီး ပုတောမြို့နယ် ဝက်ဆူကျေးရွာရှိ ပုတော-ဝက်ဆူလမ်းခွဲ ကျောက်အမာခံ လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်ပြီးစီး**

အဆိုပါ ပုတော-ဝက်ဆူလမ်းသည် ဝက်ဆူကျေးရွာနှင့် ပုတောမြို့သို့ ဆက်သွယ်ထားသည့်လမ်းဖြစ်ပြီး ခွဲကျောက်အမာခံ လမ်းခင်းခြင်းလုပ်ငန်းကို ပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လမီနီဘတ်ဂျက် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၃၇၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မဖြစ်ပြီး လမ်းခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၅၇ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ယင်း ပုတော -ဝက်ဆူလမ်း ခွဲကျောက်အမာခံ လမ်းခင်းခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မြို့နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး လမ်းပြီးစီးမှုကြောင့် ဝက်ဆူကျေးရွာနေ ပြည်သူများအနေဖြင့် ပုတောမြို့သို့ ရာသီမရွေးသွားလာနိုင်မှုနှင့် ဒေသထွက်ကုန်ရောင်းချမှုများ ပြုလုပ်ရာတွင် လွယ်ကူအဆင်ပြေပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံ ဆွေးနွေးမှာကြားစဉ်။

# ပြင်ဦးလွင်မြို့၏ ထူးခြားသည့်ဝိသေသများကို အကျိုးရှိရှိအသုံးချ၍ မြို့ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

# ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့ နိုင်ငံတော်အစိုးရဧည့်ဂေဟာရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များနှင့် အထွေထွေလိုအပ်ချက်များကို တင်ပြ

ဦးစွာ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ပြင်ဦးလွင်ဒေသအတွင်း ကော်ဖီစိုက်ပျိုးဆောင်ရွက်မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပြည်တွင်း ပြည်ပမှ ခရီးသွားများ လာရောက်လည်ပတ်မှုအခြေအနေ၊ ပြင်ဦးလွင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများကို ထိန်းသိမ်း၍ ခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေနှင့် အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

## ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီး အစိုးရအဆင့် ဆောင်ရွက်လျက်ရှိမှု

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီတို့က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မန္တလေး-ပြင်ဦးလွင်-ဂုတ်ထိပ် ရထားခရီးစဉ် ပြေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရေနွေးငွေ့ စက်ခေါင်းသုံး ရထားခရီးစဉ်များ ပြေးဆွဲပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့်အခြေအနေ၊ ဂုတ်ထိပ် တံတားပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ပြင်ဦးလွင်ဘူတာကြီးကို ရှေးမူလက်ရာမပျက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ရေးအတွက် အကြိုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဆက်သွယ်မှုမြန်ဆန်ကောင်းမွန်ရေးအတွက် အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြင်ဦးလွင်ဒေသအတွင်းရှိ ကော်ဖီခြံများ စည်းစနစ်တကျရှိစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အထွက်ကောင်းမျိုးများနှင့် နည်းပညာများကို ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေ၊ ပြည်တွင်း ပြည်ပကော်ဖီဈေးကွက်ရရှိမှု အခြေအနေ၊ ချယ်ရီမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ချယ်ရီပျိုးပင်များ ဆောင်ရွက်ပြီးစီးမှုနှင့် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ချယ်ရီပင်များနှင့် သစ်မာပင်များစိုက်ပျိုးမှုကို ငါးနှစ်စီမံချက်အဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများအတိုင်းသာ စိုက်ပျိုးမှုရှိစေရေး၊ အဆောက်အအုံများကို သတ်မှတ်ချက်အတိုင်း ဆောက်လုပ်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြပြောကြားကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ် ကောင်းမွန်စေရေး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရေထိန်းသိမ်းနိုင်ရေး ရေလှောင်ကန်တူးဖော်ခြင်း၊ ရေထိန်းတံခါးဆောင်ရွက်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မြို့တွင်းလမ်းများချဲ့ထွင်ခြင်း၊ ကတ္တရာအဆင့်မြှင့်တင်ခင်းကျင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ဂဲလောင်ချောင်းအတွင်း ရေစစ်ကန် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြင်ဦးလွင်မြို့နယ်အတွင်း လာရောက်သည့် ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ကော်ဖီလုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြေရှင်းဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သကြ်ာန်မတိုင်မီက ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များ ဆောင်ရွက်ပေးရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို အဆုံးအဖြတ်ပေးနိုင်ရန်တို့အတွက် ယခုကဲ့သို့ ဝန်ကြီးများ၊ ပြင်ဦးလွင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ထပ်မံတွေ့ဆုံခြင်းပင်ဖြစ်ကြောင်း၊ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ကော်ဖီစိုက်ပျိုးနိုင်ရေး ၎င်းတို့ကိုယ်တိုင် နိုင်ငံပိုင်မြေရိယာများ လျှောက်ထားခြင်းဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုပေးခြင်းဖြစ်သည့်အတွက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းအတိုင်းသာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းအတိုင်းသာ အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုပါက ပြင်ဦးလွင်ဒေသသည် ကော်ဖီအထွက်နှုန်းမြင့်မားမည်ဖြစ်ကာ သစ်ပင်သစ်တောလည်းဖုံးလွှမ်းမည် ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာမည် မဟုတ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအလိုက်ဌာနဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဒေသအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက စည်းကမ်း၊ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိမည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၈ သို့ ☆**

- ❖ **ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ကော်ဖီစိုက်ပျိုးနိုင်ရေး ၎င်းတို့ကိုယ်တိုင် နိုင်ငံပိုင်မြေရိယာများလျှောက်ထားခြင်းဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုပေးခြင်းဖြစ်သည့်အတွက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းအတိုင်းသာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းအတိုင်းသာ အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုပါက ပြင်ဦးလွင်ဒေသသည် ကော်ဖီအထွက်နှုန်းမြင့်မားမည်ဖြစ်ကာ သစ်ပင်သစ်တောလည်း ဖုံးလွှမ်းမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်မဟုတ်။**
- ❖ **ကော်ဖီစိုက်ကေများအလိုက် အဆောက်အအုံဆောက်လုပ်ခွင့် သတ်မှတ်ချက်များကို ခေတ်ကာလနှင့်လျော်ညီပြီး လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်သတ်မှတ်ပေးသွားမည်။**

☆ စာမျက်နှာ ၇ မှ

တင်ပြချက်များတွင်ပါဝင်သည့် ကော်ဖီ association ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တစ်နိုင်ငံလုံးရှိ ကော်ဖီစိုက်ပျိုးသည့် ဒေသအလိုက် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များပူးပေါင်း၍ အဖွဲ့အစည်းတစ်ခု ဖွဲ့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်ဖီစိုက်ကေများအလိုက် အဆောက်အအုံဆောက်လုပ်ခွင့် သတ်မှတ်ချက်များကို ခေတ်ကာလနှင့်လျော်ညီပြီး လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း။

**မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဒေသ၏ ထူးခြားသည့် ဝိသေသများကို အကျိုးရှိရှိ အသုံးချနိုင်ရမည်**

ပြင်ဦးလွင်မြို့သည် တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ကော်ဖီမြို့တော်ဖြစ်အောင် ယခင်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခဲ့ခြင်းမှာလည်း ဤဒေသ၏ အကျိုးစီးပွားအတွက်ပင်ဖြစ်ပြီး အစိုးရအတွက် လုပ်ဆောင်နေခြင်းမဟုတ်သည်ကို သိရှိနားလည်ကြရန်လိုကြောင်း၊ သင်္ကြန်ကာလအတွင်း ပြင်ဦးလွင်၌ ဟိုတယ်၊ တည်းခိုခန်းများ အခန်းပြည့်ဖြင့် ပြည်တွင်း ပြည်ပမှ လာရောက်အပန်းဖြေကြသည့် ခရီးသွားများကိုကြည့်ပါက ဒေသ၏ သာယာလှပမှုနှင့် ခရီးသွားများ၏ စိတ်ဝင်စားမှုကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အပန်းဖြေမြို့တော်ဖြစ်သည့်အတွက် ယခုထက် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဒေသ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် လုပ်ဆောင်ပေးခြင်းဖြင့် မြှင့်တင်နိုင်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထုတ်ကုန်ကိုအခြေခံသည့် ပို့ကုန်လုပ်ငန်းကို ဖော်ဆောင်ရမည်ဖြစ်ပြီး ပြင်ဦးလွင်ကော်ဖီသည် ပြည်တွင်း ပြည်ပ၌ နာမည်ကောင်းရပြီးသားဖြစ်သည့်အတွက် ကော်ဖီထုတ်ကုန်ကို အခြေခံသည့် အဆင့်မြင့်ပို့ကုန်လုပ်ငန်းကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

- ❖ **ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်**
- ❖ **ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လို**
- ❖ **တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကို ဖော်ဆောင်ပေးရမည်**
- ❖ **ပြင်ဦးလွင်ဒေသတွင် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများစွာရှိသည့်အတွက် ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ကြရမည်**

ထို့ပြင် ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ်လိုဖွယ်ရာသီဥတု ရှိပြီးဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်သည် ထူးခြားသည့်ဝိသေသရှိသည့် မြို့တော်တစ်ခုဖြစ်ကြောင်း၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့် အညီမြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်ဆောင်ရွက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများစွာရှိသည့်အတွက် ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တန်ဖိုးရှိသည့် အဆောက်အအုံများဖြစ်သည့်အတွက် အကျိုးရှိစွာ အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံများအပြင် ပုဂ္ဂလိကပိုင် ရှေးဟောင်းအဆောက်အအုံများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ထိန်းသိမ်းဆောင်ရွက်သည်ဖြစ်သော်လည်း မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်လာပါက အထပ်မြင့်အဆောက်အအုံများ၊ မြို့ပြအဆောက်အအုံများလည်း လိုအပ်လာမည်ဖြစ်သဖြင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက်လည်း သီးခြားမြေနေရာများကို သတ်မှတ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စနစ်ကျနသည့် မြို့အကွက်ချပုံစံဖြင့် ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ မျက်စိပသာဒဖြစ်ပြီး စနစ်ကျနသည့်မြို့ကို ဖော်ဆောင်ရမည်ဖြစ်ပြီး ဘက်ပေါင်းစုံမှ စဉ်းစားလုပ်ဆောင်ကြရန်လိုကြောင်း။

မြို့တွင်းလမ်းများကို စနစ်ကျနမှုရှိစေရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လမ်းဧရိယာကို ဦးစွာသတ်မှတ်ဆောင်ရွက်ပြီးမှသာလျှင် သစ်ပင်များကို စိုက်ပျိုးရမည်ဖြစ်ပြီး စိုက်ပျိုးရာတွင်လည်း မျက်နှာချင်းဆိုင် သစ်ပင်စိုက်ပျိုးခြင်းအစား Zig Zag စနစ်ဖြင့် စိုက်ပျိုးကြစေလိုကြောင်း၊ သို့မှသာလျှင် သစ်ပင်များမှတစ်ဆင့် လမ်းပေါ်သို့ ရေကျရောက်ပြီး လမ်းပျက်စီးမှုကို ကာကွယ်စေနိုင်မည်ဖြစ်ကြောင်း၊ နေရောင်ခြည်လည်း သင့်တင့်စွာရရှိရန်လိုကြောင်း၊ လမ်းပျက်စီးမှုသည် ရေနှင့် မြေသားများ ကတ္တရာလမ်းပေါ် ကျရောက်ခြင်းကြောင့် ဖြစ်သဖြင့် လမ်းခင်းကျင်းမှုအပိုင်းကိုလည်း ရေစီးရေလာကောင်းစေရန်နှင့် လမ်းပေါ်ရေတင်ကျန်မှုမရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၌ လမ်းများ၊ ဈေးဆိုင်များ၊ မြေအကွက်ချမှုများ စနစ်တကျရှိစေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ စည်းမျဉ်း၊ စည်းကမ်းနှင့် မညီသည်များကို သတ်မှတ်ချက်များအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် စည်းကမ်းစနစ်တကျဖြစ်စေရေးကိုသာ အဓိကထား ထိန်းသိမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

သစ်ပင်များစိုက်ပျိုးရာတွင်လည်း အမှန်တကယ်ရှင်သန်နိုင်မည့် အရွယ်အစားရှိသည့် ပျိုးပင်များကိုသာ စိုက်ပျိုးကြစေလိုကြောင်း၊ အပန်းဖြေမည့် ပတ်ဝန်းကျင်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ပတ်ဝန်းကျင်၊ ပညာရေးမြှင့်တင်မှု ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်တို့ကို စနစ်တကျတွက်ချက်စဉ်းစားဆောင်ရွက်၍ လုပ်ဆောင်ကြစေလိုကြောင်း၊ ယခင်ကတည်းကပင် ရှိပြီးသားဖြစ်သည့် ပြင်ဦးလွင်ဒေသ၏ အခြေခံကောင်းများကို ခေတ်မီနည်းပညာ၊ အတတ်ပညာတို့ဖြင့် ပေါင်းစပ်အသုံးချလျက် စနစ်တကျနှင့် ပိုမိုပြည့်စုံအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**နေပြည်တော် မေ ၁၈**

၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းဖောင်းရွာရှိ ကျိုင်းဖောင်းချောင်းတွင် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပရာ ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာန နာယက ဝစီပိတ်ဆရာတော် ဘဒ္ဒန္တကောဝိဒ ကြွရောက်၍ ဇီဝိတဒါန ကုသိုလ်ပြုလုပ်ပေးသည်။



အခမ်းအနားတွင် ဝစီပိတ်ဆရာတော် ဘဒ္ဒန္တကောဝိဒအမှူးပြုသည့် ဆရာတော် သံဃာတော်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်ဇနီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်နှင့်ဇနီး၊ ဌာနဆိုင်ရာများက ကျိုင်းဖောင်းချောင်းအတွင်း ဇီဝိတဒါနအဖြစ် ငါးကောင်ရေ ၆၅၀၀ ကို လွှတ်ပေးခဲ့သည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ သက်ကြီးပူဇော်ပွဲကိုကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်ဇနီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်နှင့်ဇနီး၊ ဌာနဆိုင်ရာများက ကျိုင်းတုံမြို့ မှ အသက် (၇၅) နှစ်အထက် အဘိုး ၂၀ နှင့် အဘွား၂၇ ဦးတို့ကို တစ်ဦးလျှင် ပစ္စည်းတန်ဖိုး ငွေကျပ်တစ်သောင်းနှင့် ငွေကျပ်သုံးသောင်းစီ ပူဇော်ကန်တော့ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများကလည်း အဘိုးအဘွား တစ်ဦးချင်းစီကို ငွေသားများ ထောက်ပံ့လှူဒါန်းကြသည်။

ထို့အပြင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၃) တပ်မတော်ဆေးရုံ ခုတင် ၃၀၀၊ အမှတ် (၁၂) စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့် ဆေးကုသရေးအဖွဲ့၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးနှင့် တိုင်းရင်းဆေးကုဌာနတို့မှ ပါရဂူ၊ ဆရာဝန်၊ သူနာပြုများက အဘိုးအဘွားများကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

❋ အက်ဖ်အေဖလားမှ

ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲနှစ်ကြိမ်မှာ အာဆင်နယ်အသင်းကို တစ်ကြိမ်နဲ့ လက်စတာစီးတီးအသင်းကို တစ်ကြိမ်ရှုံးနိမ့်ကာ အက်ဖ်အေဖလားချန်ပီယံဖြစ်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပြီး လက်ရှိအချိန်မှာ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် အက်ဖ်အေဖလားချန်ပီယံဖြစ်လာမယ့် အခွင့်အရေးအတွက် မျှော်လင့်ထားတာလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ယခုနှစ်ဘောလုံးရာသီအတွင်းမှာ ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာလည်း ထိပ်တိုက်တွေ့ဆုံမှုရှိခဲ့ပြီး အဲဒီနောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ သာမန်ပွဲကစားချိန်နဲ့ အချိန်ပိုမိနစ်အတွင်း ပြတ်သားတဲ့ရလဒ် မထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို ၁၁ ဂိုး-၁၀ ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

နည်းပြတူချယ်ရဲ့ ချယ်လ်ဆီးအသင်းဟာ ခရစ္စတယ်ပဲလေ့အသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလား နောက်ဆုံး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်တာကြောင့် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ နည်းပြကလော့ရဲ့ လီဗာပူးအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။

အခုလို ပြည်တွင်းဖလားနှစ်လုံးဖြစ်တဲ့ အက်ဖ်အေဖလားနဲ့ ကာရာဘောင်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွေမှာ တူညီတဲ့အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဟာ ၁၉၉၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ပြီး ၁၉၉၃ ခုနှစ်အတွင်းက အာဆင်နယ်အသင်းနဲ့ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းတို့ဟာလည်း ပြိုင်ပွဲနှစ်ခုစလုံးရဲ့ဗိုလ်လုပွဲအဆင့်မှာ ထိပ်တိုက်ဆုံတွေ့ခဲ့ဖူးတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် စစ်တွေမြို့ပေါ်ရှိ သီလရှင်ကျောင်းများကို ဆွမ်းဆန်တော်များ လှူဒါန်း

**စစ်တွေ မေ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက စစ်တွေမြို့ပေါ်ရှိ သီလရှင်ကျောင်းတိုက်များသို့ သွားရောက်ပြီး ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် စစ်တွေမြို့ လမ်းသစ်ရပ်ကွက်ရှိ အဗ္ဗာရာမသာသနဓ္ဓအန္တယ်ဝင် သီလရှင်ပရိယတ္တိစာသင်တိုက်ရှိ သီလရှင်ဆရာကြီးနှင့် သီလရှင်ဆရာလေးများကို ဖူးမြော်ကာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ဆွမ်းဝေယျာဝစ္စများနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ကျောင်းတိုက်အတွင်းရှိ သီလရှင်များ စာပေပရိယတ္တိများကို အေးချမ်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ဆွမ်းဆန်တော်၁၅အိတ် ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် လမ်းသစ်ရပ်ကွက်ရှိ သုဓမ္မာပရိယတ္တိသီလရှင်စာသင်တိုက်၊ ဘောင်းဒွတ်သားစုရပ်ကွက်ရှိ ကျားရုပ်ပရိယတ္တိသီလရှင်စာသင်တိုက်၊ စက်ရုံစုရပ်ကွက်ရှိ အသျှင်ဉာဏစက္ကစိတ္တာသုခ ကမ္မဌာန်းကျောင်းတိုက်၊ စည်ပင်သာယာရွှေဂူရိပ်သာတို့ရှိ သီလရှင်ဆရာကြီးနှင့် ဆရာလေးများကို ဖူးမြော်ကာ ဆွမ်းဆန်တော်များ လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် အသျှင်ဉာဏစက္ကစိတ္တာသုခ ကမ္မဌာန်းကျောင်းတိုက်၊ စည်ပင်သာယာရွှေဂူရိပ်သာရှိ ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းနှင့် တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းတို့ ပြည်သူ့စာကြည့်တိုက်များအတွက် ကွန်ပျူတာနှင့် ပရင်တာများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၁၈**

မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းနှင့် တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(China Foundation for Peace and Development)တို့ ပူးပေါင်း၍ ပြည်သူ့စာကြည့်တိုက်များသို့ ကွန်ပျူတာနှင့် ပရင်တာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**၁၈ ခု ဖွင့်လှစ်ထားရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၃ ခုနှစ်မှစ၍ ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လူထုအခြေပြုဗဟိုဌာန(Community Centre) ၁၈ ခု ဖွင့်လှစ်ထားရှိပြီး အစည်းအဝေးခန်းမ၊ သင်တန်းခန်းမ၊ ဘက်စုံသုံးခန်းမ၊ ကွန်ပျူတာခန်း၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ အားကစားလေ့ကျင့်ရေးခန်းမတို့ပါဝင်ကာ ပြည်သူများ အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး အခမဲ့ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားပါကြောင်း၊ ဖွင့်လှစ်ပြီးဖြစ်သည့် လူထုအခြေပြုဗဟိုဌာန ၁၈ ခု အပါအဝင် ခရိုင်၊ မြို့နယ်၊ မြို့ရွာ အားလုံးတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ အစည်းအဝေး၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သင်တန်းများ အခမဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် စာကြည့်တိုက်လှုပ်ရှားမှုများ၊ ပြတိုက်ငယ် ပြင်ဆင်ထားရှိခြင်းများ၊ ကလေးစာဖတ်ခန်း လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**Digital Library စနစ် ဆောင်ရွက်နိုင်ရေး**

ခရိုင်၊ မြို့နယ်နှင့် မြို့ရွာများတွင် ဖွင့်လှစ်ထားရှိသော ပြည်သူ့စာကြည့်တိုက်များတွင် သမားရိုးကျစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးဆွဲခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများကို ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ Digital Library စနစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် e-Library Management System Software ကို ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဌာနကထုတ်ပေးမည့် ကွန်ပျူတာများနှင့် ယခုလှူဒါန်း လက်ခံရရှိသည့် ကွန်ပျူတာများဖြင့် Digital Library စနစ် ဆောင်ရွက်မည့် ရုံးများရှိ စာကြည့်တိုက်မှူးများအား e-Library Management System Software အသုံးပြုနည်း သင်တန်း ပို့ချပေးနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Web Browser တွင် www.publiclibrary.gov.mm Domain အမည်အား ရရှိထားပြီး ဖြစ်သည့်အပြင် Web Hosting Service ကိုလည်း ရယူထားပြီးဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် မေလမှ စတင်၍ စာကြည့်တိုက်လုပ်ငန်းများကို Digital Library စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကွန်ပျူတာနှင့် ပရင်တာများ လှူဒါန်းပေးခြင်းသည် ဌာနအနေဖြင့် Digital Library စနစ်သို့ ပြောင်းလဲရေး အစီအစဉ် ဆောင်ရွက်နေခြင်းကို များစွာအထောက်အကူပြုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လေးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး မစ္စတာရှီးကျန့်ဂေါ်က Video Conference ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းမှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသစ္စာနှင့် တာဝန်ရှိသူများက ပြည်သူ့စာကြည့်တိုက်များအတွက် ကွန်ပျူတာနှင့် ကာလာပရင်တာ ၃၅ စုံကို ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)ရှိ ကွန်ပျူတာခန်း၊ စားပွဲတင်တင်းနစ် အားကစားကွင်း၊ စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ အားကစားခန်းမနှင့် ပြတိုက်ငယ်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**




# ကျိုက်မရောမြို့နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် မေ ၁၈**

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လကာလတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၂၆၆ ဒသမ ၃၉၈ သန်းဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ငပုအင်း- ရွာဟောင်း-ရွာသစ် ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင်ဖောက်လုပ်ခြင်းလုပ်ငန်း၊ ကျုံကွယ်ကျေးရွာအုပ်စု၊ မိခွမ်း(ကျောက်အင်း)-ထိဝါးကလိ ကျေးရွာချင်းဆက်လမ်း တစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ အံကစင်(မွန်စု)-လွှစင်ကုန်း-ကော့ခလိန်လမ်း ၄ မိုင် ၇ ဖာလုံ လမ်းပိုင်းတွင် ၃ ဒသမ ၅ ဖာလုံ လမ်းတာချဲ့ခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးခဲ့၍ ဒေသခံတိုင်းရင်းသားပြည်သူများ ရာသီမရွေးသွားလာနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။

**ဇေယျာဇော်**

# ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကျင့်ဝတ်စည်းကမ်းများတွင် နိုင်ငံရေးဆိုင်ရာဘက်လိုက်မှုမရှိရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်ခြင်း

**အငြိမ်းစားဝန်ထမ်းဟောင်းတစ်ဦး**

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားတစ်ခုလုံး စဉ်ဆက်မပြတ်ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရသူများ ဖြစ်ကြပါသည်။

**တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်**

သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို စနစ်တကျ ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းများလိုက်နာရမည့် ဥပဒေများ၊ ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းထားရှိကြပါသည်။ ယင်းသို့ သတ်မှတ်ပြဋ္ဌာန်းထားရှိသည့် နိုင်ငံ့ဝန်ထမ်းဥပဒေများကို ပြည်သူ့ဝန်ထမ်းဥပဒေ (Public Service Act/Law) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ (Civil Service Personnel Act/Law)ဟူ၍ လည်းကောင်း၊ ကျင့်ဝတ်စည်းကမ်းများကို (Code of Conduct / Code of Ethics / Civil Service Code) ဟူ၍လည်းကောင်း နိုင်ငံအလိုက် အမည်ခေါ်ဝေါ်သုံးစွဲမှုကွဲပြားကြသော်လည်း အနှစ်သာရအားဖြင့်မူ နိုင်ငံ့ဝန်ထမ်းများစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်လိုက်နာရမည့် စည်းကမ်းတို့ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ဥရောပတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်ရှိ နိုင်ငံအများစုတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကဲ့သို့ ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်နှင့် အမိန့်ညွှန်ကြားချက်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုခြင်းမျိုး နည်းပါးပြီး သက်ဆိုင်ရာမိခင်ဘာသာစကားဖြင့်သာ ပြုစုထားရှိကြပါသည်။ သို့ရာတွင် Organisation for Economic Co-operation and Development (OECD)၊ Inter-American Development Bank (IDB) နှင့် Asian Development Bank (ADB) တို့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားရှိသည့် ဒေသအလိုက် သို့မဟုတ် တိုက်ကြီးများအလိုက် ပြုစုထားသော နိုင်ငံ့ဝန်ထမ်းစနစ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆန်းစစ်မှု အစီရင်ခံစာများမှတစ်ဆင့် ဝန်ထမ်းစနစ်၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုပုံစံတို့ကို လေ့လာတွေ့ရှိရပါသည်။

**အဂတိတရားကင်းရှင်းရေးဆောင်ရွက်**

ယင်းအစီရင်ခံစာများတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးနှင့်ပတ်သက်သော ဆောင်ရွက်ခွင့်ကို အခြေခံသတ်မှတ်ချက်တစ်ရပ်အနေဖြင့် နှိုင်းယှဉ်ပြုစုထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံရေး၊ ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ ဘက်လိုက်ခြင်းနှင့် ခွဲခြားခြင်းတို့ကို အခြေခံအားဖြင့် တားမြစ်ထားရှိပါသည်။ ဘက်လိုက်ခြင်းနှင့် ခွဲခြားပြုမူခြင်းသည် စင်စစ်အားဖြင့် အဂတိတရားလေးပါး၌ တစ်ပါးအပါအဝင်ဖြစ်ရာ ယင်းကိုတားမြစ်ခြင်းသည် အဂတိတရားကင်းရှင်းရေး ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

အဆိုပါပြဋ္ဌာန်းချက်များနှင့် ဥပဒေဆိုင်ရာကျင့်ထုံးများသည် နိုင်ငံအလိုက်ကျင့်သုံးသော အမျိုးသားရေးမူဝါဒများနှင့် ကျင့်သုံးသောအုပ်ချုပ်မှုစနစ်များအရ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ခွင့် အတိုင်းအတာခြားနားမှုရှိပါသည်။ အမျိုးသားရေးမူဝါဒဆိုသည်မှာ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ဦးတည်၍သွားရမည့် လမ်းပြမြေပုံအသွင် ဖော်ဆောင်သည့်စနစ်ပင်ဖြစ်ရာ နိုင်ငံများအနေဖြင့် နိုင်ငံအလိုက် ထိုနိုင်ငံနှင့် သင့်လျော်သည့်စနစ်ကို ချမှတ်ထားလေ့ရှိပြီး ဥပမာအနေဖြင့် ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် စသည်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျင့်သုံးသော အုပ်ချုပ်မှုစနစ်ဆိုရာ၌ အာဏာရှင်စနစ်၊ တစ်ပါတီစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ် စသည်တို့ကို ဆိုလိုပါသည်။

**အာဏာရှင်စနစ်ဆိုသည်မှာ**

အာဏာရှင်စနစ်ဆိုသည်မှာ သက်ဦးဆံပိုင်ဘုရင်စနစ်ကျင့်သုံးခြင်း သို့မဟုတ် လူတစ်ဦးတစ်ယောက် သို့မဟုတ် ဆွေမျိုးစုအစဉ်အဆက်မှ အုပ်ချုပ်ခြင်းဖြစ်ပြီး ဥပမာအနေဖြင့် မြောက်ကိုရီးယားနိုင်ငံဖြစ်ပါသည်။ ယင်းနိုင်ငံအနေဖြင့် ကိုရီးယားအလုပ်သမားများပါတီ (Workers' Party of Korea – WPK)ကို ၂၄-၆-၁၉၄၉ ရက်နေ့တွင် တရားဝင်စတင်တည်ထောင်ပြီး တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးခဲ့ရာ ယခုအခါ နှစ်ပေါင်း ၇၂ နှစ် သက်တမ်းရှိပြီဖြစ်သည်။ တစ်ပါတီစနစ်ကို ယေဘုယျအားဖြင့် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒနှင့် မက်ဝါဒကျင့်သုံးသောနိုင်ငံများတွင်တွေ့ရှိရပြီး ဥပမာပြရမည်ဆိုပါက ကွန်မြူနစ်စနစ် ကျင့်သုံးသော တရုတ်နိုင်ငံနှင့် ဆိုရှယ်လစ်စနစ်ကျင့်သုံးသော ဗီယက်နမ်နိုင်ငံတို့တွင် ကျင့်သုံးကြပါသည်။ ယင်းနိုင်ငံများနည်းတူ ကျူးဘား၊ အီရီထရီယာ၊ လာအိုနှင့် အနောက်ဆာဟာရ စသောနိုင်ငံများတွင် တစ်ပါတီစနစ်ကျင့်သုံးကြပြီး ယင်းနိုင်ငံများ၌ နိုင်ငံ့ဝန်ထမ်းများအား ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်ပြုထားကာ နိုင်ငံ့ဝန်ထမ်းအများစုသည် ပါတီဝင်များဖြစ်ကြပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီမှချမှတ်သော မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပါတီ၏မူဝါဒနှင့် မျှော်မှန်းချက်တို့ကို အောင်မြင်ပြီးမြောက်စေရေးဆောင်ရွက်ကြရပါသည်။

ဥပမာပြည့်ဆိုရမည်ဆိုပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တရုတ်ကွန်မြူနစ်ပါတီ (Communist Party of China – CPC) ကို ၁-၇-၁၉၂၁ ရက်နေ့တွင် တရားဝင်တည်ထောင်ခဲ့ပြီး အဆိုပါ ပါတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အာဏာရတစ်ပါတီနိုင်ငံ (Authoritarian Single-Party State)အဖြစ် ဦးဆောင်ပါဝင်ပါသည်။ ဝန်ထမ်းများ ပါတီနိုင်ငံရေးဆက်နွှယ်မှုနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် "နိုင်ငံ့ဝန်ထမ်းစနစ်သည် CPP ပါတီ၏ ဦးဆောင်မှုအောက်တွင်ရှိရန်၊ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်းခံရသူသည် **နိုင်ငံရေးဆိုင်ရာစံသတ်မှတ်ချက်များကို လိုက်နာကြရန်၊** CPP ပါတီ၏ ဦးဆောင်မှုအပေါ် လိုက်နာခြင်းကို တာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်ကြရန်၊ နိုင်ငံ့ဝန်ထမ်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အမိန့်အာဏာ၊ **CPP ပါတီ၏ ဂုဏ်သတင်းနှင့် နိုင်ငံတော်၏ဂုဏ်သတင်းတို့အပေါ် ထိခိုက်နစ်နာစေမည့် မည်သည့်ထုတ်ပြန်ချက်ကို မဆို ဝါဒဖြန့်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်နှင့် CPP ပါတီ၏ ခေါင်းဆောင်မှုတို့အပေါ် ဆန့်ကျင်သည့်ရည်ရွယ်ချက်ဖြင့် ဆန္ဒပြခြင်း၊ စီတန်းလှည့်လည်ခြင်းနှင့် စုဝေးခြင်းတို့ကဲ့သို့သော လှုပ်ရှားမှုများတွင် စည်းရုံးခြင်း သို့မဟုတ် ပါဝင်ခြင်းတို့အား မကျူးလွန်ရန်"** သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**ဆုံးဖြတ်ချက်နှင့် အမိန့်များအား သစ္စာရှိစွာလိုက်နာ**

အခြားတစ်ပါတီစနစ်ကျင့်သုံးသည့် **လာအိုနိုင်ငံ**၏ နိုင်ငံ့ဝန်ထမ်းဥပဒေ၌ "နိုင်ငံ့ဝန်ထမ်းများသည် အထက်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်နှင့် အမိန့်များအား သစ္စာရှိစွာလိုက်နာပြီး ပေးအပ်သော တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် စည်းမျဉ်းများအရ ပြည်သူများကို ရိုးသားစွာနှင့် တရားမျှတမှုရှိစွာဖြင့် ဝန်ဆောင်မှုပေးရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၏ ပါတီနိုင်ငံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာကိစ္စများတွင်လည်း ပါဝင်ရမည်ဖြစ်ကြောင်း" ပြဋ္ဌာန်းထားပါသည်။

**ဗီယက်နမ်** ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ(Communist Party of Vietnam– CPV) မှ အာဏာရတစ်ပါတီအနေဖြင့် ဦးစီးဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ဝန်ထမ်းအများစုသည် ပါတီဝင်များဖြစ်ကြသည့်အလျောက် ပါတီ၏ ဝန်ထမ်းစီမံခန့်ခွဲမှုစနစ်အား အစိုးရလုပ်ငန်းဆောင်ရွက်မှုစနစ်နှင့် တစ်ပြိုင်နက်တည်းဆောင်ရွက်လျက်ရှိရာ စနစ်နှစ်ခုအား အပြိုင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အကျိုးကျေးဇူးရရှိသော်လည်း တစ်ခါတစ်ရံတွင် ပါတီ၏နိုင်ငံရေးလိုအပ်ချက်များနှင့် ဗျူရိုကရေစီစနစ်၏ လိုအပ်ချက်များအကြားအားပြိုင်သည့် ဆိုးကျိုးများလည်းရှိကြောင်း တွေ့ရှိရပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် နိုင်ငံ့ဝန်ထမ်းများအား ပါတီနိုင်ငံရေးဆောင်ရွက်ခွင့်နှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ထားပါသည်။ ယင်းသို့ထုတ်ပြန်ရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားမှုရှိသော်လည်း ယေဘုယျအားဖြင့် ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားပြီးသည့် နိုင်ငံအများစုတွင် **နိုင်ငံ့ဝန်ထမ်းများအား ရုံးချိန်အတွင်း နိုင်ငံရေးဆောင်ရွက်ခွင့် ကန့်သတ်တားမြစ်ထားသော်လည်း ရုံးချိန်ပြင်ပ၌ ဆောင်ရွက်ခွင့်ပြုထားပြီး ဒီမိုကရေစီစနစ်ဖွံ့ဖြိုးဆဲနိုင်ငံအများတွင် နိုင်ငံ့ဝန်ထမ်းများအား ရုံးချိန်နှင့် ရုံးချိန်ပြင်ပတို့တွင်ပါ ပါတီနိုင်ငံရေးဆောင်ရွက်ခွင့်ကို တားမြစ်ထားသည်ကို** တွေ့ရှိရပါသည်။ အချို့သောနိုင်ငံများတွင် နိုင်ငံရေးဘက်လိုက်မှုမရှိခြင်းအား သီးသန့်ပြဋ္ဌာန်းချက်တစ်ရပ်အနေဖြင့် သတ်မှတ်ထားရှိပြီး ယင်းပြဋ္ဌာန်းချက်အောက်တွင် ပုဒ်မနှင့်ပုဒ်မခွဲများကို အသေးစိတ်သတ်မှတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဒီမိုကရေစီဖခင်နိုင်ငံဟု တင်စားခေါ်ဝေါ်ရသည့် **အမေရိကန်ပြည်ထောင်စု**တွင် **"ပြည်နယ်နှင့်ဒေသန္တရအစိုးရဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ၍ နိုင်ငံရေးလှုပ်ရှားမှုများမှ ကင်းရှင်းရန်"** သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**ကြားနေသဘောထားဖြင့်သာ ထမ်းဆောင်**

ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းရာကျော် အောင်မြင်စွာကျင့်သုံးနေသည့် **ယူနိုက်တက်ကင်းဒမ်း**တွင် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ **"နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရတစ်ရပ်မှ မည်သို့သော နိုင်ငံရေးဆိုင်ရာစည်းရုံးသိမ်းသွင်းမှုမျိုးပြုလုပ်စေကာမူ ကြားနေသဘောထားဖြင့်သာ တာဝန်ထမ်းဆောင်ကြရန်၊ ဝန်ထမ်းအနေဖြင့် နိုင်ငံရေးယုံကြည်မှု မည်သို့ရှိစေကာမူ ဝန်ထမ်းကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ နေထိုင်ကြရန်၊ ပါတီနိုင်ငံရေးဆိုင်ရာ ယူဆချက်များအတိုင်း ပြုမူနေထိုင်ခြင်း(သို့မဟုတ်) ပါတီနိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် အစိုးရပိုင်ရင်းမြစ်များကို အသုံးပြုခြင်းနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်အား အကြံဉာဏ်ပေးခြင်းနှင့် ပြုမူဆောင်ရွက်စေခြင်းတို့ကို မပြုလုပ်ရန်"** ပြဋ္ဌာန်းထားရှိပါသည်။

ဒီမိုကရေစီစနစ်ကို နှစ်ပေါင်း ၅၀ ကျော် ကျင့်သုံးခဲ့သည့် **အိန္ဒိယနိုင်ငံ**တွင်မူ **"ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် အကျိုးစီးပွားဆက်နွှယ်နေသည့် မည်သို့သော အပြုအမူကိုမျှ ဆောင်ရွက်ခြင်းမရှိရသည့်အပြင် ဝန်ထမ်းအပါအဝင် ၎င်း၏ မိသားစုဝင်များအနေဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါတီနိုင်ငံရေးများတွင် ပါဝင်ခွင့်မရှိရန်နှင့် အကယ်၍ မိသားစုဝင်များ၏ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားပတ်သက်နေမှုကို နိုင်ငံ့ဝန်ထမ်းဘက်မှ တားမြစ်နိုင်ခြင်းမရှိပါက အဆိုပါကိစ္စရပ်ကို အစိုးရထံသို့ အစီရင်ခံစာတင်သွင်းရမည်ဖြစ်သည်"** ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။

ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် **ဂျပန်နိုင်ငံ**တွင် **"နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးလုပ်ဆောင်ချက်အတွက် အကျိုးစီးပွား ဆက်နွှယ်ဖြစ်ထွန်းစေသည့် မည်သည့်အပြုအမူကိုမှ ဆောင်ရွက်ခွင့်မရှိ**ဟူ၍ လည်းကောင်း၊ **ရွေးကောက်ခံပါတီ၏အကြံပေးနှင့် အဖွဲ့ဝင်လည်းမဖြစ်စေရ**ဟူ၍လည်းကောင်း **စာမျက်နှာ ၁၁ သို့** ☆

> **ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် နိုင်ငံ့ဝန်ထမ်းများအား ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်နှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ထားပါသည်။ ယင်းသို့ထုတ်ပြန်ရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားမှုရှိသော်လည်း ယေဘုယျအားဖြင့် ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားပြီးသည့် နိုင်ငံအများစုတွင် နိုင်ငံ့ဝန်ထမ်းများအား ရုံးချိန်အတွင်း နိုင်ငံရေးဆောင်ရွက်ခွင့် ကန့်သတ်တားမြစ်ထားသော်လည်း ရုံးချိန်ပြင်ပ၌ ဆောင်ရွက်ခွင့်ပြုထားပြီး ဒီမိုကရေစီစနစ်ဖွံ့ဖြိုးဆဲနိုင်ငံအများတွင် နိုင်ငံ့ဝန်ထမ်းများအား ရုံးချိန်နှင့် ရုံးချိန်ပြင်ပတို့တွင်ပါ ပါတီနိုင်ငံရေးဆောင်ရွက်ခွင့်ကို တားမြစ်ထားသည်ကို တွေ့ရှိရ**

## မေလအတွင်း ဖွင့်လှစ်ရန်လျာထားသည့် အဝေးသင်တက္ကသိုလ်နောက်ဆုံးနှစ် ဒုတိယအသုတ် (ဝိဇ္ဇာအထူးပြု)နှင့် တတိယအသုတ် (ဝိဇ္ဇာအထူးပြု) များ၏ အနီးကပ်သင်တန်းများကို ခေတ္တရက်ရွှေ့ဆိုင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ခုနှစ် မေလအတွင်း ဖွင့်လှစ်ရန်လျာထားသည့် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ်နောက်ဆုံးနှစ် ဒုတိယအသုတ် (ဝိဇ္ဇာအထူးပြု)နှင့် တတိယအသုတ် (ဝိဇ္ဇာအထူးပြု) များ၏ အနီးကပ်သင်တန်းများကို ခေတ္တရက်ရွှေ့ဆိုင်းလိုက်သည်။

၂။ အဝေးသင်တက္ကသိုလ်သင်တန်းအသီးသီးအတွက် စာစဉ်ပို့ချဆွေးနွေးမှုများနှင့် အသံလွှင့်ပို့ချချက်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အနီးကပ်သင်တန်းအချိန်စာရင်းကို အချိန်မီအသိပေး ကြေညာသွားမည်ဖြစ်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများ စတင်ဖွင့်လှစ်မည့်ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**(က) နည်းပညာတက္ကသိုလ်များ**
- (၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အင်ဂျင်နီယာဘွဲ့သင်တန်း (ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်)
- (၂) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ဇီဝနည်းပညာသိပ္ပံဘွဲ့သင်တန်း (ပထမနှစ်၊ ဒုတိယနှစ်)
- (၃) ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ အင်ဂျင်နီယာဘွဲ့သင်တန်း/ ဇီဝနည်းပညာဘွဲ့သင်တန်း (နောက်ဆုံးနှစ်)
- (၄) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ အင်ဂျင်နီယာဘွဲ့သင်တန်း/ ဇီဝနည်းပညာဘွဲ့ သင်တန်း (ပထမနှစ်) (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)
- (၅) မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)
- (၆) ပါရဂူဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)

**(ခ) ကွန်ပျူတာတက္ကသိုလ်များ**
- (၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ကွန်ပျူတာသိပ္ပံ/ ကွန်ပျူတာနည်းပညာဘွဲ့သင်တန်း (ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်)
- (၂) ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ ကွန်ပျူတာသိပ္ပံ/ ကွန်ပျူတာနည်းပညာဘွဲ့သင်တန်း (နောက်ဆုံးနှစ်)
- (၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ကွန်ပျူတာသိပ္ပံ/ ကွန်ပျူတာနည်းပညာဘွဲ့သင်တန်း (ပထမနှစ်) (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)
- (၄) မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)
- (၅) ပါရဂူဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)

**(ဂ) မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**
- (၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အင်ဂျင်နီယာ(ဂုဏ်ထူး)ဘွဲ့သင်တန်း (ပထမနှစ်)
- (၂) ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ အင်ဂျင်နီယာ(ဂုဏ်ထူး)ဘွဲ့သင်တန်း (တတိယနှစ်၊ စတုတ္ထနှစ်၊ နောက်ဆုံးနှစ်)
- (၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ အင်ဂျင်နီယာ(ဂုဏ်ထူး)ဘွဲ့သင်တန်း (ပထမနှစ်) (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)

**(ဃ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်**
- (၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အင်ဂျင်နီယာဘွဲ့သင်တန်း (ပထမနှစ်)
- (၂) ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ အင်ဂျင်နီယာဘွဲ့သင်တန်း (တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်၊ နောက်ဆုံးနှစ်)
- (၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ အင်ဂျင်နီယာဘွဲ့သင်တန်း (ပထမနှစ်) ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)

(င) ကျောင်းအပ်လက်ခံခြင်းကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ပထမနှစ်သင်တန်းအတွက် (၂၀-၄-၂၀၂၂) ရက်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် သင်တန်းများအတွက် (၂-၅-၂၀၂၂) ရက်နေ့တွင် စတင်လက်ခံမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပဲခူးမြို့နယ်အတွင်းရှိ စည်ပင်သာယာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်များထောက်ပံ့

ပဲခူး မေ ၁၈

ပဲခူးမြို့နယ်အတွင်းရှိစည်ပင်သာယာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်ထောက်ပံ့ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့နယ်စည်ပင်သာယာလှပစေရေးသည် စည်ပင်သာယာရေးဝန်ထမ်းများတွင် တာဝန်ရှိသလို ပြည်သူများကလည်း စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရန် တာဝန်ရှိကြောင်း၊ ပဲခူးမြို့ သန့်ရှင်းသာယာ လှပနေခြင်းသည် သန့်ရှင်းရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ရရှိသည့် အချိန်ကာလတစ်ခုအတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မြို့ရွာသန့်ရှင်းသာယာလှပရေး အထူးကြိုးစား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စည်ပင်သာယာရေးဝန်ထမ်းများ အနေဖြင့်လည်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတိရှိရှိဖြင့် မပေါ့ဆဘဲ လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်းနှင့် ပဲခူးမြို့အား အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေး ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က စည်ပင်



သာယာရေးဝန်ထမ်း ၁၂၀ အား ဆန်၊ ဆီ၊ ဘဲဥ၊ ကြက်သွန်နီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၀ မှ

သို့မဟုတ် **အလားတူ ရာထူးဖြင့် နိုင်ငံရေးပါတီတစ်ခုတွင် အဖွဲ့ဝင်လည်း မဖြစ်စေရ** ဟူ၍ လည်းကောင်း” ဟု ပြဋ္ဌာန်းထားရှိပါသည်။

အလားတူ ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားပြီး နိုင်ငံတစ်နိုင်ငံဖြစ်သည့် **ကိုရီးယားသမ္မတနိုင်ငံ**တွင် “နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် မိမိအစိုးရနှင့် ပြည်သူအပေါ်သစ္စာရှိခြင်း၊ တရားမျှတခြင်း၊ စည်းစောင့်ခြင်း၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်ခြင်း၊ **နိုင်ငံရေးအရဘက်လိုက်မှုမရှိခြင်း** စသည်တို့ကို လိုက်နာရမည်ဖြစ်ကြောင်း၊ ယင်းအပြင် **နိုင်ငံရေးပါတီ/ အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်း၊ လက်မှတ်ရေးထိုးသည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် နိုင်ငံရေးနှင့်သက်ဆိုင်သော စာရွက်စာတမ်းနှင့် စာစောင်များဖြန့်ဝေခြင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ကိုယ်ကျိုးအတွက်အသုံးပြုခြင်း၊ အသုံးပြုရန် အားပေးအားမြှောက်ပြုခြင်းစသည့် ဆောင်ရွက်မှု မပြုရန်ဖြစ်ကြောင်း၊** အကယ်၍ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ပါတီနိုင်ငံရေးတွင် ပါဝင်မှုမရှိသော်လည်း နိုင်ငံရေးပါတီ/အဖွဲ့အစည်းများမှ ပါဝင်နိုင်ရေး မလျော်ကန်သော နည်းလမ်းများဖြင့် စည်းရုံးသိမ်းသွင်းလာပါက အဆိုပါနိုင်ငံ့ဝန်ထမ်းက ယင်းအဖြစ်အပျက်ကို ၎င်း၏ဌာန/အဖွဲ့အစည်းသို့ အကြောင်းကြားရမည်” ဟူ၍ အတိအလင်းပြဋ္ဌာန်းထားသည်။

**ပါတီနိုင်ငံရေးကင်းရှင်းရေးနှင့်ပတ်သက်၍**

ဒီမိုကရေစီစနစ်ဖွံ့ဖြိုးဆဲဖြစ်သည့် အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများတွင်လည်း ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားရှိပါသည်-

**ကမ္ဘောဒီးယားနိုင်ငံ**တွင် “နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ ကြားနေသဘောတရားဖြင့်သာ ကျင့်သုံးထမ်းဆောင်ကြရန်၊ ပါတီနိုင်ငံရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ **နိုင်ငံရေးပါတီဝင်တစ်ဦးနှင့် ဆက်နွှယ်ခြင်း (သို့မဟုတ်) တာဝန်ထမ်းဆောင်ခြင်း၊ နိုင်ငံရေးပါတီတစ်ခုနှင့် ဆက်နွှယ်ခြင်း (သို့မဟုတ်) တာဝန်ထမ်းဆောင်ခြင်းများ၌** ပါဝင်ရန် မိမိ၏ရာထူးနှင့် ဌာနမှ အထောက်အပံ့ပြုထားသည့် ပစ္စည်းများ အသုံးပြုခြင်းကို တားမြစ်ရန်” ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**အင်ဒိုနီးရှားနိုင်ငံ**တွင် “နိုင်ငံ့ဝန်ထမ်းများသည် **နိုင်ငံရေးအင်အားစုများနှင့် နိုင်ငံရေးပါတီများ၏ လွှမ်းမိုးမှုနှင့် စွက်ဖက်မှုမှ ကင်းရှင်းကြရန်**” သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**မလေးရှားနိုင်ငံ**တွင် “ထိပ်တန်းစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှ စီမံခန့်ခွဲမှု အရာရှိများအနေဖြင့် **ပါတီနိုင်ငံရေး၌ ပါဝင်ခြင်း၊ နိုင်ငံရေးပါတီများအကြား ပါတီစွဲအမြင်များထုတ်ဖော်ခြင်း၊ နိုင်ငံရေးပါတီ ဆောင်းပါးများထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံရေးပါတီအတွက် စည်းရုံးရေးဆင်းခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးအဖြစ် မည်သည့်နိုင်ငံရေး ရာထူးအတွက်မဆို ရွေးကောက်တင်မြှောက်ခြင်းနှင့် နိုင်ငံရေးပါတီတွင် ရာထူးရယူခြင်းတို့ကို တားမြစ်ထားပါကြောင်း၊ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သော အငြိမ်းစားအရာရှိများအား အစိုးရ၏ လိုအပ်ချက်မှလွဲ၍ ဝန်ထမ်းအဖြစ် ပြန်လည်ခန့်အပ်မည်မဟုတ်ကြောင်း၊ သို့သော် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် အတွင်းဝန်များထံမှ သဘောတူခွင့်ပြုချက်** ရရှိပါက ပြန်လည်ခန့်အပ်နိုင်ကြောင်း၊ လုပ်သက်(၁၀)နှစ်အောက် အရာရှိဖြစ်ပါက နုတ်ထွက်စာကို ဌာနအကြီးအကဲထံတင်ပြပြီး အလုပ်မှနုတ်ထွက်၍ နိုင်ငံရေးလှုပ်ရှားမှုများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးလှုပ်ရှားမှုများအတွက် ရုံးလုပ်ငန်းသတင်းအချက်အလက်များ အသုံးပြုခြင်းကို တားမြစ်ပါကြောင်း၊ နိုင်ငံရေးလှုပ်ရှားမှုများသည် ၁၉၉၃ ခုနှစ် ပြည်သူ့အရာရှိများ အပြုအမူနှင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ စည်းမျဉ်းများနှင့် ဆန့်ကျင်မှုမရှိစေရ ဟူသည့်အချက်ကို လိုက်နာရမည်ဖြစ်ပြီး ချမှတ်ထားသည့် အချက်အလက်များကို လိုက်နာရန် ပျက်ကွက်ပါက ပါတီနိုင်ငံရေးဆိုင်ရာခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်ကြောင်း” စသည်ဖြင့် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ အသေးစိတ်သတ်မှတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ဒိန်းမတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၁၂ ဦး ထပ်မံတွေ့ရှိ



ဟန္နိုင်း မေ ၁၈

ဒိန်းမတ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၁၂ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဒိန်းမတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် တစ်ဦးသာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများမှ ကူးစက်ခံရသူဖြစ်ပြီး ကျန်ကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ပြောကြား

လက်ရှိတွင် ဒိန်းမတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၄၇၅၈၁၉ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၉၅၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသူပေါင်း ၈၉၄၁၀၆၄ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူ စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းရှိကြောင်း ဒိန်းမတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒိန်းမတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၀၉ ဒသမ ၆ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၉၂ ဒသမ ၄ သန်း ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အလင်းသစ်**

# မွန်ဂိုလီးယားနိုင်ငံ၌ ယခုနှစ်ပထမ သုံးလအတွင်း ကူးစက်ရောဂါကြောင့် တိရစ္ဆာန်ကောင်ရေ ၃၃၀၀ ခန့်အား သုတ်သင်

အူလန်ဘာတာ မေ ၁၈

မွန်ဂိုလီးယားနိုင်ငံတွင် ယခုနှစ်ပထမ သုံးလအတွင်း တိရစ္ဆာန်ဆိုင်ရာကူးစက်ရောဂါများဖြစ်ပွားသဖြင့် တိရစ္ဆာန်ကောင်ရေ ၃၃၀၀ ခန့်( ၄၉ ဒသမ ၂ ရာခိုင်နှုန်း)ကို သုတ်သင်ခဲ့ရကြောင်း အမျိုးသားစာရင်းအင်းဆိုင်ရာရုံးမှ တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

နိုင်ငံတစ်ဝန်း၌ ယနေ့တွင် တိရစ္ဆာန်ခွာနာလျှာနာရောဂါကာကွယ်ဆေး ထိုးနှံသည့်အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားမှုများမြင့်တက်လာခဲ့ပြီး ခွာနာလျှာနာရောဂါကို နိုင်ငံ၏ပြည်နယ် ၂၀ တွင် တွေ့ရှိခဲ့သည်။ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် မွန်ဂိုလီးယားနိုင်ငံသည် နိုင်ငံ၏ အသားပို့ကုန်ပြည်ပတင်ပို့မှုကို တိုးမြှင့်နိုင်ရန်ကြိုးပမ်းဆောင်ရွက်နေသော်လည်း နိုင်ငံအတွင်း တိရစ္ဆာန်ဆိုင်ရာကူးစက်ရောဂါများ မကြာခဏဖြစ်ပွားနေသဖြင့် အခက်အခဲများရှိခဲ့ကြောင်း သိရသည်။ ယမန်နှစ်ဇွန်လက နိုင်ငံအတွင်း တိရစ္ဆာန်ဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ပြည်ပသို့ အသားတင်ပို့မှုရပ်ဆိုင်းခဲ့ရကြောင်း မွန်ဂိုလီးယားအမျိုးသားကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တောင်အာဖရိကနိုင်ငံ၌ ရေကြီးမှုများကြောင့် ၄၄၃ ဦး သေဆုံးပြီး ၆၃ ဦး ပျောက်ဆုံး



ဂျိုဟန်နစ္စဘတ် မေ ၁၈

တောင်အာဖရိကနိုင်ငံ ကွာဇူလူနာတာပြည်နယ်၌ လွန်ခဲ့သည့် သီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားရာ လက်ရှိအချိန်အထိ ၄၄၃ ဦးသေဆုံးပြီး ၆၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ရက်များအတွင်းကပင် ပြည်နယ်အတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း ကွာဇူလူနာတာ ပြည်နယ်ဝန်ကြီးချုပ် ရှီလီဇီကာလာလာက ပြောကြားသည်။ လက်ရှိအချိန်တွင် အခင်းဖြစ်ဒေသ၌ တောင်အာဖရိကနိုင်ငံ တပ်မတော်နှင့်ရဲတပ်ဖွဲ့မှ လေယာဉ်များအား ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားကြောင်း ၎င်းကပြောကြားသည်။

လက်ရှိဖြစ်ပွားနေသော ရေကြီးရေလျှံမှုများကြောင့် ကွာဇူလူနာတာ ပြည်နယ်အတွင်းရှိ အိမ် ၃၉၃၇ လုံး ပျက်စီးသွားခဲ့ရပြီး လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုသည် ကွာဇူလူနာတာပြည်နယ် သမိုင်းတွင် အဆိုးရွားဆုံးသဘာဝဘေး ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆ ဒသမ ၃ သန်းကျော်ရှိလာ

ဆိုးလ် မေ ၁၈

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၇၄၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၆၃၅၃၄၉၅ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၁၈ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃၂ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၃၂၂၄ ဦး ရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၂၆၄၉၄ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၀၀၈၇၇၃ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၃ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၄၂ ဦး ထပ်မံတွေ့ရှိ

ဝယ်လင်တန် မေ ၁၈

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၄၂ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၄၅၃ ဦးသည် နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသူများမှာ နိုင်ငံတစ်ဝန်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယနေ့တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ၂၃ ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါလူနာ ၅၅၃ ဦးသည် နယူးဇီလန်နိုင်ငံရှိ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၂၈၉၀၆ ဦးရှိလာကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# တူနီးရှားနိုင်ငံရှိ လောင်စာဆီတင်သင်္ဘောနစ်မြုပ်မှုမှတစ်ဆင့် သဘာဝဘေးဖြစ်လာနိုင်သဖြင့် ကာကွယ်တားဆီးရေးအစီအမံများ ပြင်ဆင်ဆောင်ရွက်



တူနီးရှားနိုင်ငံ အရှေ့တောင်ပိုင်းဂါဘီးစ်ကမ်းရိုးတန်း၌ နစ်မြုပ်သွားခဲ့သည့် လောင်စာဆီတင်သင်္ဘောအား တွေ့ရစဉ်။

တူးနစ် မေ ၁၈

တူနီးရှားနိုင်ငံရှိ လောင်စာဆီတင်သင်္ဘောနစ်မြုပ်မှုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများရှိလာနိုင်သဖြင့် လိုအပ်သည့် သဘာဝဘေးကာကွယ်ရေးဆိုင်ရာ အစီအမံများဆောင်ရွက်ရန် တူနီးရှားရေတပ်မှ တာဝန်ရှိသူများအား သမ္မတ ကိုင်ဆီက ယမန်နေ့တွင် ညွှန်ကြားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

တာဝန်ရှိသူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အဆိုပါသင်္ဘောမှ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေမည့်အရာများ ပင်လယ်ထဲသို့ မရောက်ရှိစေရန် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အဆိုပါသဘာဝဘေးဆိုင်ရာအရေးတွင် ကူညီဆောင်ရွက်ရန် နိုင်ငံအများအပြားကလည်း အဆိုပြုခဲ့ကြကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။

လောင်စာဆီတန်ချိန် ၇၅၀ တင်ဆောင်ထားသည့် အဆိုပါသင်္ဘောသည် တူနီရှားအရှေ့တောင်ပိုင်း ဂါဘီးစ်ကမ်းရိုးတန်းတွင် နစ်မြုပ်သွားခဲ့ရာ လက်ရှိအချိန်အထိ သင်္ဘောသားခုနစ်ဦး ကယ်ဆယ်ထားနိုင်ခဲ့သည်။ အီဂျစ်နိုင်ငံမှ မော်လ်တာနိုင်ငံသို့ ဦးတည်ခုတ်မောင်းလာသည့် အဆိုပါ သင်္ဘောသည် ရာသီဥတုဆိုးရွားမှုကြောင့် တူနီးရှားရေပိုင်နက်အတွင်း ခိုလှုံခွင့်တောင်းစဉ် အထက်ပါမတော်တဆမှုဖြစ်ပွားခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ယခုနှစ်ပထမ သုံးလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ မြင့်တက်လာခဲ့




**ဖနောင်ပင် မေ ၁၈**

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ပြည်ပနိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ခြင်းများကြောင့် နိုင်ငံ၏ပြည်ပပို့ကုန် တိုးတက်စေရန် အထောက်အကူပြုနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁ ဘီလီယံအထိရှိလာခဲ့ကြောင်း ကမ္ဘောဒီးယားအကောက်ခွန်ဌာန၏ မှတ်တမ်းအရ သိရသည်။ ယခုကဲ့သို့ နိုင်ငံ၏ပြည်ပကုန်သွယ်မှု မြင့်တက်လာရခြင်းမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ရာမှ နယ်စပ်များကို ယမန်နှစ် နိုဝင်ဘာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ကုန်သွယ်ရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ဒေသတွင်း ပြီးပြည့်စုံသော စီးပွားရေးဆိုင်ရာ သဘောတူညီချက် (RCEP)နှင့် တရုတ်-ကမ္ဘောဒီးယား လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (CCFTA) တို့အရ ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း ကမ္ဘောဒီးယားကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချီက ပြောသည်။

လာမည့်နှစ်များအတွင်းတွင်လည်း တရုတ်-ကမ္ဘောဒီးယား နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဆက်လက်မြင့်တက်လာဦးမည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်များအရ ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်များဖြစ်သည့် ဆန်၊ ငှက်ပျောသီး၊ စက်မှုလုပ်ငန်းသုံး ထုတ်ကုန်များနှင့် အခြားကုန်ပစ္စည်းများသည် တရုတ်နိုင်ငံဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းသည် ပြည်ပဝင်ငွေအများအပြား ရရှိသည့်လုပ်ငန်းဖြစ်ပြီး ယခုနှစ် ပထမ သုံးလအတွင်း ပြည်ပသို့ အဝတ်အထည်များတင်ပို့ရာမှ ဝင်ငွေ ၃ ဒသမ ၁၅ ဘီလီယံရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံတော်ဝင်အကယ်ဒမီ၊ တရုတ်နိုင်ငံရေးရာ လေ့လာရေးအင်စတီကျူမှ ညွှန်ကြားရေးမှူးချုပ် ကိုင်ဆရေဗက်က ပြောသည်။

တရုတ်-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်နိုင်ခြင်းနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ အထောက်အထားများ တင်ပြရာတွင် ရိုးရှင်းမြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း စသည့်အချက်များကလည်း နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရာတွင် အောင်မြင်ရန် အရေးပါသည့် အချက်များဖြစ်ကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်တွင် နိုင်ငံလူဦးရေ၏ ၉၂ ဒသမ ၈ ရာခိုင်နှုန်း (၁၄ ဒသမ ၈၅ သန်း)သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးခဲ့ကာ နိုင်ငံလူဦးရေ၏ ၈၈ ဒသမ ၂ ရာခိုင်နှုန်း( ၁၄ ဒသမ ၁၁ သန်း) သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**




# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၂၃ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၈**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၂၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃၈၉၀၂၅ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၆၆၁၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၃ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၄၂၀ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၁၂၃၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၄၂၄၉၇၀၄ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၃၄၄၆၉ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၈ ဒသမ ၉ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၃၇ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မေ ၁၈**

အာဖရိကတိုက်၌ မေ ၁၇ ရက် ညနေပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၃၇၈၄၂၃ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၁၇၅၆ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၇၄၉၉၃၀ ရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၇၄၀၃၉၈ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၆၄၃၄၅ ဦးရှိကြောင်းနှင့် တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၃၈၆၆၈ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**





# ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၅ သန်းကျော်ရှိလာ

**ဆန်တီယာဂို မေ ၁၈**

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၃၀၂၅၈ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၃၂ ဦးထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၅၇၂၆၃ ဦးရှိလာကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ချီလီနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ရောဂါကူးစက်မှုမြင့်တက်လာခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်ပတ်အတွင်းမှစတင်ကာ နေ့စဉ်ကူးစက်မှု ၅၅ ရာခိုင်နှုန်းအထိ ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာပေါင်း ၁၀၇၂၄ ဦးရှိကြောင်းနှင့် ယင်းတို့အနက် ၃၁၇ ဦးသည် ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# မြန်မာနိုင်ငံစီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် လူမှုအကျိုးဆောင်ပုဂ္ဂိုလ်ကြီး ဦးသိန်းထွန်း



မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၊ ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သူလည်းဖြစ်သော Tun Commercial Bank Ltd၊ Myanmar Golden Star Co., Ltd နှင့် Myanmar Consolidated Media Co.,Ltd တို့၏ ဥက္ကဋ္ဌ ဦးသိန်းထွန်းသည် ၂၀၂၂ ခုနှစ် မေ ၁၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဦးသိန်းထွန်းသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံကြွယ်ဝသူ၊ ဈေးကွက်စီးပွားရေးစနစ်၏ နည်းဗျူဟာ၊ မဟာဗျူဟာအပိုင်းများကို အထူးကျွမ်းကျင်သူဖြစ်ပြီး အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်အဖွင့်တွင် ကမ္ဘာကျော် ပက်စီကိုလာအချိုရည်ကို မြန်မာ့ဈေးကွက်သို့ တင်သွင်း၍ Pepsi-Cola Myanmar Product ကုမ္ပဏီထူထောင်ကာ မြန်မာအချိုရည် (Soft Drink) ဈေးကွက်ကို ဦးဆောင်နိုင်ခဲ့သူဖြစ်သည်။

ဦးသိန်းထွန်းသည် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများကို ထက်သန်စွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်ကို စတင်တည်ထောင်ခဲ့သည်။ ထွန်းဖောင်ဒေးရှင်း၏ရည်ရွယ်ချက်မှာ ပြည်သူတို့၏ စားဝတ်နေရေးဖူလုံမှုအပြင် အသိပညာပြန့်ပွားရေး၊ ကျန်းမာသန်စွမ်းရေးတို့ကို ဖွံ့ဖြိုးစေရန်ဖြစ်သည်။ စာပေဝါသနာပါသူဖြစ်ပြီး စာဖတ်ခြင်းကို အထူးနှစ်သက်သည်။ မိမိနှစ်သက်သော စာအုပ်ကောင်းများကို အများပြည်သူအတွက် ဗဟုသုတဖြန့်ဝေလိုသော စေတနာဖြင့် ထွန်းဖောင်ဒေးရှင်းစာပေကော်မတီမှ စာအုပ်များထုတ်ဝေခဲ့သည်။ အထူးသဖြင့် ကျန်းမာရေး၊ စီးပွားရေးနှင့် ဘဝအမြင်ထက်သန်စေမည့် စာအုပ်များကို ဦးစားပေးထုတ်ဝေခဲ့သည်။

မြန်မာစာပေလောက၏ ဖွံ့ဖြိုးရေးကို ပါဝင်ဖြည့်ဆည်းသောအားဖြင့် မြန်မာစာကောင်းပေမွန်များကို ဖတ်ရှုသူ၊ ရေးသားသူ ပိုမိုတိုးပွားလာစေရန် ၂၀၀၆ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း စာပေကော်မတီကိုဖွဲ့စည်း၍ ထွန်းဖောင်ဒေးရှင်းစာပေဆုများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာစာပေပညာရှင်များ၊ မြန်မာအဘိဓာန် ပညာရှင်များအကူအညီဖြင့် ထွန်းဖောင်ဒေးရှင်းအဘိဓာန် နှစ်တွဲကို ပြုစုထုတ်ဝေခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် Myanmar Consolidated Media Co.,Ltd. ဥက္ကဋ္ဌအဖြစ် မြန်မာတိုင်းမ်သတင်းစာ (အင်္ဂလိပ်၊ မြန်မာ)နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းမည့် စာအုပ်စာပေများကို ထုတ်ဝေခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်နှင့် ပူးတွဲ၍ စာပေဗိမာန်က ၁၉၅၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်းတွဲ ၁၅ တွဲကို ပြန်လည်ဖြည့်စွက်တည်းဖြတ် ထုတ်ဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ဦးသိန်းထွန်း၏ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဘာသာရေး၊ ပညာရေးဆိုင်ရာ ထောက်ပံ့မှုအဖြစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပရိယတ္တိစာသင်တိုက်နှင့် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့သည်။ တက္ကသိုလ်ကောလိပ် ကျောင်းသား ကျောင်းသူ ၅၀ ကို နှစ်စဉ်ပညာသင်ဆု ရွေးချယ်ထောက်ပံ့ခဲ့သည်။ ပန်းချီအနုပညာပြိုင်ပွဲ၊ ပြပွဲနှင့် စာပေဆုများ ချီးမြှင့်ခြင်းနှင့် ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာစာကြည့်တိုက်ကိုလည်းတည်ထောင်ခဲ့သည်။ ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်များ စတင်သောအခါ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ အဆင့်မီဘဏ်လုပ်ငန်းများဖြစ်ပေါ်စေရေးအတွက် အခြားဘဏ် လုပ်ငန်းရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သူဖြစ်သည်။

ဦးသိန်းထွန်းသည် မြန်မာ့သမိုင်းစာအုပ်တွဲများနှင့် မြန်မာစာပေသမိုင်းတွဲများ ထုတ်ဝေနိုင်ရေးအတွက် ပညာရှင်များနှင့် ဆောင်ရွက်ဆဲဖြစ်သည်။

ဦးသိန်းထွန်းကို မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်ရွာတွင် အဘဦးဘထွန်း အမိ ဒေါ်သိန်းညွန့်တို့က ၁၉၃၇ ခုနှစ် မတ်လ ၂၆ ရက်တွင် မွေးဖွားခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၆ နှစ်အရွယ်ရှိပြီဖြစ်ပါသည်။ ဇနီးဖြစ်သူမှာ ဒေါ်နယ်လီသန်း (ကွယ်လွန်)ဖြစ်ပြီး ကွယ်လွန်ချိန်တွင် သားသမီး သုံးဦးနှင့် မြေး ခြောက်ဦး ကျန်ရစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာပေဖွံ့ဖြိုးရေးနှင့် လူမှုအကျိုးဆောင်လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ဦးသိန်းထွန်း ကွယ်လွန်ခြင်းသည် အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ခုပင်ဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေလိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၂)ရပ်ကွက်နေ အေးသက်ခိုင်(ခ)ငယ်လေး(၂၈)နှစ်သည် ၎င်းအသုံးပြုသည့် “ငယ်လေး” Facebook အကောင့်နှင့် ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ တာကလေးရပ်ကွက်နေ နန်းကို (၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “နန်းကို” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ပို့ဆောင်ကာ သန့်စင်ထုပ်ပိုး၍ ပြည်ပဈေးကွက်သို့ အရှင်တင်ပို့လျက်ရှိသည်။ ကဏန်းမှ ကဏန်းပျော့အဖြစ် ပြောင်းလဲရာတွင် ကျန်ရှိခဲ့သောကဏန်းအခွံကို ယခင်ကစွန့်ပစ်လေ့ရှိသော်လည်း ယခုအခါ ငါးအစာနှင့် မြေသြဇာတန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်သဖြင့် ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိသည်။

“ရခိုင်ပြည်နယ်က ကဏန်းပျော့ကို ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှားနဲ့ အီးယူနိုင်ငံတွေကို တင်ပို့ရပါတယ်။ ဝယ်လိုအား ကောင်းတဲ့အတွက် ကဏန်းအကောင်ငယ်တွေပါ ဖမ်းဆီးရောင်းချမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ ကဏန်းဘေးမဲ့ဇုန်ဖော်ဆောင်ဖို့ ဖြစ်နိုင်ခြေရှိတဲ့နေရာတွေကို ရွေးချယ်ဖို့ ခရိုင်၊ မြို့နယ်တွေကို ညွှန်ကြားထားပြီး ကဏန်းမွေးမြူရေးဧရိယာ တိုးချဲ့ဖို့အတွက် သံတွဲခရိုင် တောင်ကုတ်မြို့နယ်မှာ ကန်ပြုပြင်မှုနဲ့ မြေယာအသုံးချမှုရဖို့အတွက် တင်ပြထားပါတယ်။ အဲဒါပြီးသွားရင် ကဏန်းပျော့မွေးမြူရေးဧရိယာ ဧက ၅၀၀ ဖြစ်လိမ့်မယ်။ ပုဏ္ဏားကျွန်းမြို့နယ်မှာလည်း ကဏန်းမွေးမြူရေးဧရိယာ ထပ်ချဲ့နေတာရှိပါတယ်။ ဧက ၅၀၀ ဆိုရင် ကန်ပေါင်း ၂၀ အထိတိုးလာမှာပါ။ လုပ်ငန်းဖော်ဆောင်ပြီးရင် ဒေသခံတွေ အလုပ်အကိုင်ပိုရလာမှာဖြစ်သလို နိုင်ငံတော်အတွက်လည်း အကျိုးရှိစေမှာဖြစ်ပါတယ်”ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ဒေသရှိ ကဏန်းမျိုးစိတ်ဖြစ်သော Scylla Serrats (Mud Crab) မွေးမြူခြင်းအဆင့်ဆင့်တွင် ဦးစွာ ကုန်ကြမ်းစုဆောင်းခြင်း၊ အရွယ်အစားရွေးချယ်ခြင်း၊ ၁၀၀ ဂရမ်အထက်များကို အရေပျော့မွေးကန်သို့ပေးပို့ခြင်း၊ အရေခွံလဲသည့်အထိ (၄၅ ရက်မှ ရက်ပေါင်း ၆၀ အထိ) မွေးမြူခြင်း၊ အရေပျော့ကဏန်းဖမ်းဆီးခြင်း၊ အရေခွံများ ပြန်မမာစေရန် 15 ppm ကလိုရင်းဖြတ်၍ မိနစ် ၃၀ ခန့်ရေချိုစိမ်ခြင်း၊ ကုန်ချောထုတ်လုပ်ရန် အအေးခန်းသို့ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရသည်။ ကုန်ချောပြုပြင်ထုတ်လုပ်မှုတွင် ကဏန်းပျော့မွေးကန်မှ ပေးပို့သော ကဏန်းများကို ဆေးကြောခြင်း၊ ပိုးသတ်ခြင်း၊ ပုံစံညှပ်ခြင်း၊ သန့်စင်ခြင်း၊ အရွယ်အစားရွေးခြင်း၊ ထပ်မံပိုးသတ်ခြင်း၊ ချိန်တွယ်ခြင်း၊ အေးခဲခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဈေးကွက်သို့တင်ပို့ခြင်းဖြင့် ကဏန်းပျော့ (Soft Shell Crab)များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ကဏန်းပျော့ထုတ်လုပ်သော လုပ်ငန်းတွင် ကုန်ကြမ်းမှကုန်ချောအဖြစ် တန်ချိန် ၆၀၀ ကျော်အထိ တိုးတက်ထုတ်လုပ်လျက်ရှိပြီး ရေရှည်ထုတ်ယူနိုင်ရန် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံများအနေဖြင့် သဘာဝ ရေထွက်ကုန်အရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိသည်။



ရခိုင်ပြည်နယ်တွင် မွေးမြူထုတ်လုပ်လျက်ရှိသည့် ကဏန်းမွေးမြူရေးကန်တစ်ခု၌ အစာကျွေးခြင်းနှင့် အခွံမာမှအခွံပျော့သို့ ပြောင်းလဲချိန်အားစောင့်ဆိုင်းထုတ်ယူနေကြစဉ်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ ကြီးကျယ်ခမ်းနားမှု ဓာတ်ပုံပြပွဲကျင်းပမည်




**မြောက်ဦး မေ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ သာသနာရေးဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မြောက်ဦးဌာနခွဲ) ကဦးစီး၍ ဓာတ်ပုံပြပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီမှစတင်ကာ အံတော်သိမ်ဓမ္မာရုံတော်အတွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ဝန်းရှိ စေတီပုထိုးများ၏ ခမ်းနားထည်ဝါမှုများနှင့် အနုပညာလက်ရာများ၊ ရှုခင်းများ၊ လူနေမှုဘဝများ၊ ပွဲတော်များနှင့် မြောက်ဦးဒေသ အလေ့အထများကို ရိုက်ကူးပုံဖော်ထားသော ဓာတ်ပုံများကို မြန်မာတစ်နိုင်ငံလုံးရှိ အနုပညာဓာတ်ပုံဝါသနာရှင်များ ပူးပေါင်းပါဝင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံပြပွဲကို "အနန္တရတနာမြေ" ဟု အမည်ပေးထားပြီး ရခိုင်ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာ မှတ်တမ်းဓာတ်ပုံများ၊ မြောက်ဦးမြို့၏ သာယာလှပသော ရှုခင်း မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းစေတီပုထိုးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ရခိုင်ရိုးရာ ကျောက်ဆစ်အနုပညာ ရှေးဟောင်းလက်ရာ မှတ်တမ်းဓာတ်ပုံများ စသောဓာတ်ပုံပေါင်း မြောက်မြားစွာတို့ဖြင့် ခမ်းခမ်းနားနား ဝေဝေဆာဆာ ပြသသွားမည်ဖြစ်သည်။ ပြပွဲကို မေ ၂၃ ရက်မှ မေ ၂၄ ရက်အထိ နှစ်ရက်တိုင်တိုင် ပြသသွားမည်ဖြစ်သည်။ ထိုပြပွဲ ဓာတ်ပုံများကို ဈေးနှုန်းသတ်မှတ်၍ ရောင်းချမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ရောင်းချရရှိသော ငွေကြေးအားလုံးကို မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဦးစီးဌာနသို့ ပြန်လည်လှူဒါန်းသွားမည်ဖြစ်ပြီး မရောင်းချရသေးသော ဓာတ်ပုံများကိုလည်း ထိုဌာနတွင် လိုအပ်သလို အသုံးပြုနိုင်ရန်အတွက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်စိုး(ပြန်/ဆက်)



# ကျုံပျော်မြို့နယ်အတွင်းရှိ စာသင်တိုက်များနှင့် သံဃာတော်များသော ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်း

**ကျုံပျော် မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍မြို့နယ်အတွင်းရှိစာသင်တိုက်များနှင့် သံဃာတော်များသော ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင် ဦးရန်နိုင်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန့်ဇော်ဦးတို့က ဦးဆောင်ကာ ကျုံပျော်မြို့ပေါ်ရှိ သံဃာစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ သီလရှင်ကျောင်း နှစ်ကျောင်း၊ အထောင်မြို့ရှိ ဘုန်းတော်ကြီးကျောင်း လေးကျောင်းနှင့် သောင်ကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း စုစုပေါင်း ၁၅ ကျောင်းသို့ သွားရောက်၍ ကျောင်းတိုက် တစ်တိုက်လျှင် ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ အလှူငွေကျပ် ၃၀၀၀၀ တို့ကို သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာလေးများထံသို့ ဆက်ကပ်လောင်းလှူသည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ သက်တော်ရှည်သံဃာတော်အရှင်သူမြတ် သီတင်းသုံးနေထိုင်ရာ တလုပ်ပင်ကျောင်းတိုက်သို့ သွားရောက်ပြီး အလှူတော်ငွေကျပ် ၅၀၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဆက်ကပ်လှူဒါန်းသော ကုသိုလ်ကောင်းမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဦးဆောင်ကာ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်အသီးသီးတို့က စုပေါင်းထည့်ဝင်လှူဒါန်းခြင်းဖြစ်ပြီး နှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းတွင် ပြုလုပ်သော မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်လည်း မြို့ပေါ်ရှိကျောင်းတိုက် ၂၆ တိုက်တို့မှ သံဃာတော် ၄၁၃ ပါးနှင့် သီလရှင်ကျောင်းတိုက် ခုနစ်တိုက်တို့မှ သီလရှင် ၉၅ ပါးတို့ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ အလှူတော်ငွေနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ပြင်ဦးလွင်မြို့ သာယာလှပရေးနှင့် ကန်တော်ကြီးအတွင်း ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေး



**မန္တလေး မေ ၁၈**

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပြင်ဦးလွင်မြို့ သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ကန်တော်ကြီးအတွင်း ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးရန် ယနေ့ ညနေပိုင်းက ရေသွင်းမြောင်းအမှတ်(၂) နေရာသို့ ရောက်ရှိသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်တော်ကြီးဥယျာဉ်အတွင်းသို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်ထားသော ရေဝင်မြောင်းများ တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ရေမြောင်းများ တိမ်ကောမှုမရှိရေး၊ မြေသားနှင့် အမှိုက်များ မရှိရေး၊ မိုးရာသီအတွင်း ရေစီးရေလာ ကောင်းမွန်အောင် အလေးထားဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ကန်တော်ကြီး ပတ်လမ်းတစ်လျှောက် လိုက်လံကြည့်ရှု၍ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ မိုးရာသီအတွင်း ဒေသနှင့်ကိုက်ညီသည့် ရောင်စုံပန်းအလှပင်များ၊ အရိပ်ရအပင်များ စိုက်ပျိုးထားရှိရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

# ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၁၈**

နွေရာသီကျောင်းပိတ်ရက် ကာလများတွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး အလုံတပ်မြို့ အမှတ်(၂) အခြေခံပညာ



အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာ အခြေခံသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံသင်တန်းနှင့် ယဉ်ကျေးလိမ္မာ သင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား ကျောင်းသားကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်ပြီး ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

**ဖွင့်လှစ်သင်ကြားပေးသွားမည်**

အဆိုပါ သင်တန်းများတွင် ကွန်ပျူတာ အခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀၊ အင်္ဂလိပ်စကားပြော အခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၀ နှင့် ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၄၀ တို့ဖြင့် မေ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၇ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီမှ (၁၈-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၃၇)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၃၈,၅၅၂) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၆၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၃၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါ ရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၈-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၉) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၀) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၃၉၄) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၂၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၃၃) ခု | (၁၅) ဦး |
| **စုစုပေါင်း** | **(၁၀,၀၄၂) ခု** | **(၃၇) ဦး** |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၃၁၆၃၄၈ | ၈၀၂၀၂၃၁၄ | ၁၀၁၅၄၅၁ |
| ၂။ | အိန္ဒိယ | ၄၃၁၀၄၂၈၀ | ၄၂၅၁၀၇၇၃ | ၅၂၄၃၀ |
| ၃။ | ဘရာဇီး | ၃၀၅၅၆၁၈ | ၂၉၂၂၇၀၅၁ | ၆၆၂၀၁၁ |
| ၄။ | ပြင်သစ် | ၂၇၇၇၁၀၂၄ | ၂၄၉၁၄၈၇၁ | ၁၄၄၁၅၇ |
| ၅။ | ဂျာမနီ | ၂၄၄၃၈၂၉၃ | ၂၀၀၈၅၈၀၀ | ၁၃၃၄၂၉ |
| ၆။ | ဗြိတိန် | ၂၂၀၄၇၆၃၈ | ၂၀၃၀၆၃၃၆ | ၁၇၃၃၉၆ |
| ၇။ | ရုရှား | ၁၈၀၈၄၁၅၁ | ၁၇၃၉၀၄၆၅ | ၃၇၃၇၁၃ |
| ၈။ | တောင်ကိုရီးယား | ၁၆၃၅၃၄၉၅ | စိစစ်ဆဲ | ၂၁၂၂၄ |
| ၉။ | အီတလီ | ၁၅၇၇၁၂၀၈၈ | ၁၄၃၂၄၃၆၃ | ၁၆၁၆၈၇ |
| ၁၀။ | တူရကီ | ၁၄၉၉၄၉၃၇ | ၁၄၇၄၈၂၅၂ | ၉၈၅၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၂၅၄၇ | ၈၉၃၆၈၄၆ | ၄၂၉၄၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၀၄၃၂ | ၅၈၃၃၅၆၀ | ၁၅၆၉၀၃ |
| ၃။ | မလေးရှား | ၄၃၈၉၀၂၅ | ၄၂၄၉၇၀၄ | ၃၅၄၂၁ |
| ၄။ | ထိုင်း | ၄၀၄၆၉၅၃ | ၃၈၁၄၄၃၃ | ၂၇၀၀၉ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၃၂၁၁ | ၃၆၀၃၃၁၂ | ၅၉၉၇၆ |
| ၆။ | စင်ကာပူ | ၁၁၆၀၃၀၀ | ၁၀၉၃၉၀၄ | ၁၃၁၆ |
| ၇။ | မြန်မာ | ၆၁၂၆၀၂ | ၅၉၁၃၇၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၀၅၀၂ | ၁၉၇၉၀၀ | ၇၂၂ |
| ၉။ | ဘရူနိုင်း | ၁၄၀၁၈၂ | ၁၃၈၆၉၃ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၀၇၆ | ၁၃၂၇၈၉ | ၃၀၅၅ |

## ရေကြည်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် မေ ၁၈**

မေ ၁၇ ရက်နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၏ ဇီဝိတဒါနငါးလွှတ်ပွဲကို သောင်ကြီးကျေးရွာအုပ်စုရှိ ဝန်မြစ်၏လက်တက်ဖြစ်သော ရွာလယ်ရိုးကြီးချောင်း၌ပြုလုပ်ရာ ရေကြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးလွင်နှင့်ဝန်ထမ်းများ၊ ရေကြည်မြို့နှင့် ငါးသိုင်းချောင်းမြို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဇီဝိတဒါနငါးလွှတ်ပွဲတွင် ပန်းတနော်ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းကောင်ရေ နှစ်သောင်းကို ဇီဝိတဒါနအဖြစ် ငါးလွှတ်ကုသိုလ်ယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပူတာအိုမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**ပူတာအို မေ ၁၈**

ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဦးစီးကျင်းပသော ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၈ နာရီခွဲက ပူတာအိုမြို့ လုံးစွတ်ရပ်ကွက် နမ်ထွမ်ချောင်းအတွင်း ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပူတာအိုအခြေချ စစ်ဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီအကဲများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ပြီး ရွှေဝါငါးကြင်းနှင့် ထိုင်းငါးခုံးမကြီးကောင်ရေ နှစ်သောင်းကို ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းသင်းဆက်ဆံရေး

ပီမိုးနင်း

ကြီးပွားလိုသူသည် လူပေါင်းတတ်ရာ၏။ လူပေါင်းတတ်ခြင်း၊ လူပေါင်းကောင်းခြင်းသည် စိတ်၏အလုပ်ဖြစ်၏။ စိတ်ရင်းကောင်းမှ အရှည်သဖြင့် ကြီးပွားနိုင်လေသည်။

အချို့သောသူများမှာ ပညာအရည်အချင်း မလုံလောက်ဘဲ အကပ်ကောင်းသဖြင့် မိမိတို့နှင့် မရာမတန်သော နေရာများကိုပင် ရတတ်၏။ နောက်ဆုံး၌ မိမိတို့ကပ်မှီအားကိုးသူများ ပျက်စီး၍လည်းကောင်း၊ မိမိတို့နှင့်မရာမတန် မနိုင်မနင်းသောအလုပ်၌ မတော်သောအမှုကို ပြုမိခြင်းကြောင့်လည်းကောင်း လိမ့်လဲပျက်စီးကြရလေသည်။

၎င်းတို့မှာ မိမိတို့နင်း၍တက်သောငြမ်းကို ခြေကန်၍ လှဲဖြိုတတ်၏။ ထိုအခါ အရေးမသာသည့်အခါ၌ နင်း၍ဆင်းစရာ အမှီအတွယ်မျှ မရှိသဖြင့် မဆိုင်သောနေရာမှ ကိုယ်လွတ်ခုန်ဆင်း၍ ပြေးကြရသောကြောင့် ပေါင်ကျိုးတတ်ကြလေသည်။

ထိုကဲ့သို့သော စိတ်ရင်းမကောင်းသူတို့ကို ကြီးမြင့်သောနေရာများ၌ များစွာတွေ့ကြရ၏။ မကြာမကြာလိမ့်လဲ၍ ကျကြသည်မဟုတ်ပါလော။

သည်းခံသောစိတ်၊ ငါ၏တစ်သက်မှာ အဘယ်သောအခါမျှ စိတ်မဆိုးပါဘူး၊ ရန်မဖြစ်ပါဘူး၊ လူတစ်ဖက်သားကို မမုန်းပါဘူး၊ ကျေးဇူးကို သိပါမည်၊ လူ့အလိုက်ကို သိပါမည်၊ စိတ်လိုက်မာန်ပါ ငါဘာကိုမျှ မလုပ်ပါဘူးဟူသောစိတ်ကို မြဲမြံစွာထားသူဟူသမျှ အဆွေခင်ပွန်းကောင်းနှင့် တွေ့ရမည်။ တွေ့လျှင်လည်း မြဲရမည်သာတည်း။

တစ်ခါတစ်ရံ အထင်လွဲခံရတတ်၏။ မတရားပြောဆိုစွပ်စွဲခြင်းများကို ခံရတတ်၏။ ထိုကဲ့သို့ဖြစ်သည့်အခါ သည်းခံရမည်။ အကယ်၍ နိုင်အောင်တရားသဖြင့် လုပ်နိုင်မှသာ မိမိ၏ဂုဏ်ကျက်သရေ၌ အစွန်းအကွက် လွတ်ကင်းစင်ကြယ်နိုင်ဖို့ရှိအံ့။ ထိထိရောက်ရောက် နိုင်အောင်ခုခံရာ၏။

ဤလောကသည် စစ်မြေပြင်ဖြစ်၏။ နေရာတိုင်းမှာ သဘောကောင်းလျက် သည်းခံ၍နေက အများလေးစားဂရုမပြုဘဲ နေတတ်၏။

တစ်ဖက်သားရန်သူကို နိုင်ပြီးမှ ခွင့်လွှတ်ခြင်း၊ နိုင်သလောက် မနှိပ်စက်ခြင်းသည် သူတော်ကောင်းအင်္ဂါ ဖြစ်လေသည်။

လူမုန်းမှာကိုလည်း မကြောက်ရ၊ လူကဲ့ရဲ့မှာကိုလည်း လေးစားဂရုမပြုရ၊ ဆိုးယုတ်မှုကြောင့် လူကဲ့ရဲ့မှာကိုသာ ကြောက်ရမည်။

သူတစ်ပါးအပြစ်ကို ခွင့်လွှတ်ရမည်။ ညှိုးသောစိတ်ကို မွေးမြူခြင်းမပြုမှ လူကြီးပီသ၏။

နှုတ်ကိုစောင့်၊ စကားကို အနည်းငယ်မျှ အချက်ကျကျပြော၊ နားကို များစွာအသုံးပြု၊ ကြွားဝါမှုကို ရှောင်ကြဉ်၊ ကဲ့ရဲ့သင်္ဂြိုဟ်ခြင်းကို မပြုလေနှင့်၊ သစ္စာတရားစောင့်ရမည်။

စကားဖြင့်သော်လည်းကောင်း၊ အပြုအမူဖြင့်သော်လည်းကောင်း တစ်ပါးသူ၌ အကျိုးယုတ်ဖို့ရှိက ရှောင်ကြဉ်ရမည်။

ယဉ်ကျေးဖွယ်ရာသော အမူအရာရှိရမည်။ သို့သော်လည်း ထိုအမူအရာမျိုး၌ မလွန်စေရ၊ လွန်လျှင် အဘယ်အရာမျှ မကောင်းပေ။

ဂုဏ်လိုအားကြီးက ဂုဏ်ပြို၏။ မနိုင်သောဓာတ်ကို မခင်းနှင့်၊ ကျားလိုကျင့်ရမည်။ ကျားများသည် သားကောင်ကိုမိလောက်မှ အုပ်၏။

မာနသည် မုန်းစရာအကောင်းဆုံးသောစိတ်ဖြစ်၏။ မာနကို မည်သူမျှ မချစ်မခင်ပေ။ အကြောင်းမူကား မည်သူမှာမဆို မာနရှိလေရာ ဘို့ထောင်ချင်းတွေ့က ဌေ့ချင်သောနွားစိတ်ဖြစ်၏။

မာနရှိရာ၏။ သို့သော်လည်း အပြင်သို့ထုတ်ဖော်၍ မပြကောင်းပေ။ မခံချင်သောစိတ်၊ အရှက်အကြောက်ကြီးသောစိတ်သည် ကြီးပွားလမ်းကို ဟန့်တားပိတ်ပင်သောစိတ်ပင် ဖြစ်လေသည်။

အချို့သောသူများသည် လူထဲသူထဲကို ရဲစွာမဝင်ဝံ့ကြပေ။ ၎င်းလူများသည် မိမိတို့ကို တစ်ကမ္ဘာလုံးက ဂရုစိုက်နေသည်ဟု အထင်မှားသူများ ဖြစ်ကြလေသည်။

လူမှုန်သမျှမှာ ကိုယ်ပိုင်အရေးကိစ္စတွေရှိ၏။ အသင့်ကိုသာ စန္ဒလီကြည့်သလိုကြည့်၍ နေကြမည်မဟုတ်။ အသင်၌သာ အပြစ်တွေကို ရှု၍နေမည်မဟုတ်ပေ။ အသင့်ကိုသာ ဂရုစိုက်၍ မနေအားကြပေ။

(ဆက်လက်ဖော်ပြပါမည်)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်



**လုပ်ငန်းခွင်ပျော်ရွှင်မှုရှိပါစေ**

"ဖယောင်းတိုင်တစ်တိုင်ကို ဖယောင်းတိုင်တစ်တိုင်တည်းက ထွန်းညှိလိုက်လို့ရတယ်။ သို့ပေမယ့် အဲဒီတစ်တိုင်ဟာ ပိုပြီးသက်တမ်းတိုမသွားဘူး။ ဒီလိုပဲ ပျော်ရွှင်မှုကိုလည်း သူတစ်ပါးကို မျှဝေခံစားစေလို့ရပါတယ်။ ကိုယ့်မှာ လျော့ပါးမသွားပါဘူး။"

**ဂေါတမဗုဒ္ဓ(၆၂၃-၅၄၃ ဘီစီ)**

လုပ်ငန်းခွင်ပျော်ရွှင်မှုသည် လွန်စွာအရေးကြီးပေသည်။ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်မှုအားနည်းလျှင် လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းလာပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် နှောင့်နှေးမည်ဖြစ်သည်။ လုပ်ငန်းခွင်ပျော်ရွှင်မှုရှိမှသာလျှင် ရည်မှန်းချက်အောင်မြင်ကာ ပန်းတိုင်သို့အရောက်တက်လှမ်းနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်၍ ကြီးပွားချမ်းသာလိုကြသော မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် မိမိရောက်ရှိလုပ်ကိုင်နေရသော လုပ်ငန်းနယ်ပယ်အသီးသီးတွင် လုပ်ငန်းခွင်ပျော်ရွှင်မှုရရှိအောင် ကြိုးစားလုပ်ဆောင်နိုင်ရန် လိုအပ်သည်။

"ဘဝမှာ ပျော်ရွှင်မှုအပြည့်အဝနဲ့ နေထိုင်ပါ။ သင့်ရဲ့ပျော်ရွှင်မှုကိုလည်း ဘဝအတွက်မျှဝေပါ။ မိမိဘဝအတွက် ပျော်ရွှင်မှုကိုပေးဆပ်ရင် ဘဝကလည်း မိမိပေးဆပ်တဲ့ပျော်ရွှင်မှုနဲ့ ညီမျှတဲ့ပျော်ရွှင်မှုသာမကပိုလွန်တဲ့ ပျော်ရွှင်မှုကိုပါ ထပ်လောင်းပြီး ဘဝက ပြန်ပေးပါလိမ့်မယ်။ မိမိရဲ့ပျော်ရွှင်မှုကို မျှဝေခြင်းဟာ အရေးပါတဲ့ပညာရပ်ဖြစ်တယ်။ မိမိရဲ့ပျော်ရွှင်မှုကို မျှဝေဖို့ တွန့်တိုခဲ့ရင် မိမိရဲ့ပျော်ရွှင်မှုဟာလည်း ယုတ်လျော့ကျဆင်းသွားပါလိမ့်မယ်"ဟု ဆရာအောင်သစ် မြန်မာပြန်သည့် "ပျော်ရွှင်မှုနှင့် ဘဝအောင်မြင်ရေး"စာအုပ်တွင်ရေးသားဖော်ပြခဲ့သည်ကို မှတ်သားဖူးပါသည်။

ထို့ကြောင့် လုပ်ငန်းနယ်ပယ်တစ်ခုခုတွင် ဝင်ရောက် အလုပ်လုပ်ကိုင်နေကြသူများအနေဖြင့် အုပ်ချုပ်သူမှသည် အဆင့်ဆင့်သောလုပ်သားများအထိ လုပ်ငန်းခွင်ပျော်ရွှင်မှုကို ရရှိရန်အတွက် မိမိကိုယ်တိုင်ကသာ ဖန်တီးနိုင်မည်ဖြစ်ကြောင်း သဘောပေါက်နားလည်ရပေမည်။

"ပျော်ရွှင်မှုဆိုတာ မိမိကမပေးသမျှ မိမိကိုယ်တိုင် ပျော်ရွှင်မှုတွေပျောက်ဆုံးနေပါလိမ့်မယ်။ မိမိက ပျော်ရွှင်မှုကို ပေးဝေနေသမျှ မိမိမျှော်မှန်းတာထက် အဆများစွာ ပျော်ရွှင်မှုတွေ ရောက်ရှိလာပါလိမ့်မယ်"ဟု ဆရာအောင်သစ် မြန်မာပြန်သည့် "ပျော်ရွှင်မှုနှင့် ဘဝအောင်မြင်ရေး" စာအုပ်တွင် အတိအလင်းဖော်ပြထားသည်။

ပျော်ရွှင်မှုသည် လုပ်ငန်းစွမ်းရည်ကို မြှင့်တင်နိုင်ရုံသာမက လုပ်ငန်းအောင်မြင်မှုကိုပါ ပေးစွမ်းနိုင်သည်ဖြစ်ရာ အဓိကအလေးထားရမည်လည်း ဖြစ်သည်။

"လူအတော်များများ အများစုဟာ သူတို့စိတ်ကို ထားတတ်ရင်ထားတတ်သလို ပျော်ရွှင်ကြတာပါပဲ" ဟု အမေရိကန်ပြည်ထောင်စု၏ ၁၆ ဦးမြောက် သမ္မတဖြစ်သူ အေဘရာဟင်လင်ကွန်း (၁၈၀၉-၁၈၆၅) က ပြောကြားဖူးသည်။

ပျော်ရွှင်မှုအတွက် မိမိစိတ်ကို ထားတတ်ရမည်ဟု ဆိုလိုရင်းဖြစ်ပေရာ စိတ်တန်ခိုး၏ အစွမ်းသတ္တိကို ဖော်ကျူးထားခြင်းဖြစ်သည်။ စိတ်စွမ်းအား၊ စိတ်တန်ခိုးသည် လူတစ်ဦး၏ ဘဝပျော်ရွှင်မှုကိုဖြစ်စေ၊ လုပ်ငန်းခွင်ပျော်ရွှင်မှုကိုဖြစ်စေ ဖန်တီးနိုင်ကြောင်း မီးမောင်းထိုးပြထားခြင်းလည်းဖြစ်သည်။

သို့ဖြစ်၍ မိမိစိတ်ကိုပြင်ဆင်ကာ ပျော်ရွှင်မှုကို ရယူတည်ဆောက်ကြည့်ပါ။ ယင်းပျော်ရွှင်မှုကိုလည်း ပတ်ဝန်းကျင်ကိုမျှဝေပါ။ ပျော်ရွှင်မှုကို မျှဝေပေးနေသမျှ ပျော်ရွှင်မှုများကလည်း မိမိအတွက် ပိုမိုရရှိလာမည်မှာ အသေအချာပင်ဖြစ်ပေသည်။

နေ့စဉ်ကြုံတွေ့နေရသည့် လုပ်ငန်းခွင်အသီးသီးမှ မည်မျှကြီးမားသည့် ဖိအားဖြစ်စဉ်များရှိနေစေကာမူ စိတ်စွမ်းအားဖြင့် ကျော်လွှားကာ ပျော်ရွှင်မှုရရှိအောင် ဖန်တီးတည်ဆောက်နိုင်ပါက အောင်မြင်စွာဖြင့် ရည်မှန်းချက်ပန်းတိုင်ကို တက်လှမ်းဆွတ်ခူးရရှိမည်ဖြစ်သည်။

သို့မှသာ ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာရေးအတွက် လမ်းပွင့်လာပေမည်။

"၁၉ ရာစုမှာ လူတွေတစ်ဦးချင်းရဲ့ ကိုယ်ကျင့်တရားသည် တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ လူ့အသိုင်းအဝိုင်းအတွင်းမှာ ပျော်ရွှင်မှုများထွန်းကားစေခဲ့သည်" ဟု ဆရာအောင်လှိုင် မြန်မာပြန်ဆိုသည့် "ပျော်ရွှင်ခြင်း သင့်အတွက်ပါ" စာအုပ်တွင် ဖော်ပြထားသည်။

သို့ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦး၏ ပျော်ရွှင်ခြင်းဟူသည် ပြင်ပလောကနှင့် ဆက်ဆံရေးအဆင်ပြေမှုက အရေးပါသည်မှာမှန်သော်လည်း ထိုပုဂ္ဂိုလ်၏ အပြုအမူ၊ အနေအထိုင်၊ ကိုယ်ကျင့်တရား၊ လုပ်ရပ်များနှင့် သက်ဆိုင်မှုတည်နေပါကြောင်း မှတ်သားဖူးပါသည်။

ပျော်ရွှင်မှုသည် စိတ်ချမ်းမြေ့မှုကို ဖြစ်ပေါ်စေရုံသာမက လုပ်ငန်းခွင်တွင် ပင်ပန်းမှုနှင့် ဖိအားများစွာကို တွန်းလှန်နိုင်ပြီး လုပ်ငန်းလုပ်ကိုင်ရာတွင် လွယ်ကူစွာဖြင့် ပြီးမြောက်စေမည်လည်းဖြစ်သည်။

"ဖယောင်းတိုင်တစ်တိုင်ကို ဖယောင်းတိုင်တစ်တိုင်တည်းက ထွန်းညှိလိုက်လို့ရတယ်။ သို့ပေမယ့် အဲဒီတစ်တိုင်ဟာ ပိုပြီးသက်တမ်းတိုမသွားဘူး။ ဒီလိုပဲ ပျော်ရွှင်မှုကိုလည်း သူတစ်ပါးကို မျှဝေခံစားစေလို့ရပါတယ်။ ကိုယ့်မှာ လျော့ပါးမသွားပါဘူး" ဟု ဂေါတမမြတ်စွာဘုရားက လူသားအားလုံးအတွက် သွန်သင်ဆုံးမပြသထားခဲ့ပေရာ ကြီးပွားချမ်းသာလိုကြသော မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ဖော်ပြပါနည်းနာများကို လိုက်နာကျင့်ဆောင်နိုင်ခြင်းဖြင့် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလာနိုင်မည်ဖြစ်ပေတော့သည်။ ။

# အမြော်အမြင်ရှိသူဖြစ်ချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့ကို အမြော်အမြင်ရှိသူ ဖြစ်စေချင်တယ်။

ဉာဏ်ပညာအမြော်အမြင်နဲ့ ကိုယ်ကျင့်တရားကောင်းတွေရှိခြင်းအားဖြင့် လောကကို အလှဆင်နိုင်တဲ့သူတွေ ဖြစ်လာမယ်ဆိုတာ အတတ်ပြောနိုင်ပါတယ်။ ဒါကြောင့် မောင်တို့မယ်တို့ကို အမြော်အမြင်ရှိသူတွေ ဖြစ်စေချင်တာပါပဲ။

မောင်တို့မယ်တို့ဟာ လူငယ်တွေဖြစ်တယ်။ လူငယ်တွေဟာ လွတ်လပ်မှုကို လိုလားကြတယ်။ လွတ်လပ်မှုဆိုရာမှာ ထိုက်သင့်သလောက်လွတ်လပ်မှုကိုရရှိစေရမှာဖြစ်တယ်။ လွတ်လပ်မှုတွေ အစွန်းရောက်ရင်တော့ မကောင်းဘူးပေါ့ကွယ်။ လူငယ်ဆိုတဲ့နေရာမှာ အသက်(၁၁)နှစ်ကနေ(၁၈)နှစ်အထိ အပျိုဖော်ဝင်စ ကြီးကောင်ဝင်စ အရွယ်မှာ မိဘအုပ်ထိန်းသူတွေက နေ့ညမပြတ်ဆုံးမသွန်သင်ပေးတာကို နာခံဖို့လိုအပ်သလို မောင်တို့မယ်တို့ကလည်း ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆင်ခြင်နိုင်စွမ်းရှိနေရမှာဖြစ်တယ်။

မိဘနဲ့သားသမီးဟာ အနှစ်နှစ်ဆယ်နီးပါး ခေတ်ကာလ ပတ်ဝန်းကျင်အရ ကွာခြားသွားနိုင်တယ်။ မျိုးဆက်ကွာဟမှုအရ မိဘနဲ့ သားသမီးတို့ အယူအဆတွေ၊ အကြိုက်တွေမတူနိုင်ကြပေမယ့် မိဘတွေကို နားလည်ပေးရမှာဖြစ်တယ်။ မိဘဆိုတာ သားသမီးတွေကို လိမ္မာယဉ်ကျေးစေချင်တာ၊ အောင်မြင်စေချင်တာ၊ ပညာတတ်ကြီးတွေ ဖြစ်စေချင်တာဆိုတဲ့ ကောင်းမြတ်တဲ့အရာအားလုံးကို သားသမီးတွေကိုရရှိစေချင်တာ သဘာဝပဲဆိုတာလည်း မောင်တို့မယ်တို့ နားလည်သဘောပေါက်ကြရမှာဖြစ်တယ်။

အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ဝေဖန်ခွဲခြားတတ်တဲ့ ပညာအရည်အချင်းမျိုးရှိကြရမယ်။ ပညာအရေးဟာ အရေးကြီးပါတယ်။ ပညာဆိုတာ အကြောင်းအကျိုးကို သိနားလည်ခြင်းပဲ။ မကောင်းမှုဟူသမျှကို တွန်းလှန်နိုင်ရမယ်။ နိုင်ငံခြားကဆို ကောင်းမှာပဲလို့လည်း တလွဲအထင်ကြီးတာမျိုးမဖြစ်ရဘူး၊ တိုင်းတစ်ပါးဟာ တိုင်းရင်းသားမဟုတ်ဘူးပေါ့ကွယ်။

ပညာဆိုတာ တက္ကသိုလ်နဲ့ စာသင်ခန်းအတွင်းမှာသာရှိနေတာ မဟုတ်ပါ။ လောကပြင်ကျယ် မိုးနဲ့မြေကြားမှာ ပညာသဘောက ရှိနေတာပါပဲ။ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ကောလိပ်တက္ကသိုလ်တွေက ပညာရှာရာမှာ သက်သာလွယ်ကူစေဖို့ အထောက်အပံ့ပေးတယ်။ ဆရာဆရာမတွေက စာသင်သားကို အခက်အခဲနည်းနည်းနဲ့



ပညာရှာနိုင်စေဖို့ လမ်းညွှန်ကူညီခြင်းသာဖြစ်တယ်။

အသိပညာ၊ အတတ်ပညာ အစစ်အမှန်ဆိုတာကတော့ စာသင်သားကိုယ်တိုင်က ကြားနာရမယ်။ စဉ်းစားသုံးသပ် ချင့်ချိန်ဝေဖန်ရမယ်။ မသိရင်မေးရမယ်။ သိသမျှကို ခိုင်မာမှုရှိ၊ မရှိ ဆွေးနွေးရမယ်။ နားထောင်ရမယ်။ သုတေသနပြုရမယ်။ စူးစမ်းရမယ်။ ရေးသားရမယ်။ လေ့ကျင့်ရမယ်။ အကိုးအကား အထောက်အထားလုံးဝမရှိဘဲ စဉ်းစားရေးသား၊ ဖြေရှင်းနိုင်တဲ့အထိ ကျက်မှတ်ရမယ်။

ပညာဆိုတာ သိရန်သက်သက်မဟုတ်ဘဲ ဘဝအတွက် လက်တွေ့အသုံးချနိုင်တဲ့အထိ ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်ဖြစ်မှသာ ကိုယ့်ဘဝရဲ့ပညာဖြစ်မှာပေါ့။

ပညာကို ချစ်ရမယ်။ ပညာကို မြတ်နိုးရမယ်။

ပညာကို တန်ဖိုးထားရမယ်။ ပညာကိုလေးစားတတ်ရမယ်။

သိပ္ပံပညာ၊ ဝိဇ္ဇာပညာ၊ စက်မှုပညာ၊ ခေတ်မီနည်းပညာများကို စေစားပြီး ခေတ်ကိုတိုးတက်အောင် ပြုစုထူထောင်ရမှာဖြစ်တယ်။ ပညာကို မွတ်သိပ်စွာလိုလားရမယ်။ အတတ်ပညာ၊ အသိပညာ၊ အတွေးအခေါ်၊ အမြော်အမြင်နိမ့်ကျအားနည်းကြပါက လူမျိုးနဲ့ တိုင်းပြည်ဟာ သူတစ်ပါးအောက်သို့၊ နောက်သို့ နိမ့်လျော့သွားနိုင်လို့ အန္တရာယ်များတယ်။ ဒါကြောင့် ပညာကို လိုလားကြရမယ်။ ပညာကို စာဖတ်ခြင်း၊ သုတေသနပြုခြင်းတို့ကနေ တိုးပွားအောင်ကြိုးစားရမှာဖြစ်တယ်။

မောင်တို့မယ်တို့အနေနဲ့ ပညာကိုအခြေခံတဲ့ ဉာဏ်ပညာအမြော်အမြင်ရှိသူတွေ ဖြစ်လာနိုင်ဖို့ အရေးကြီးပါတယ်။

ဉာဏ်ပညာအမြော်အမြင်ရှိသူတွေဟာ ဘဝမှာ ဆင်ခြင်ဉာဏ်တရားကို လက်ကိုင်ထားပြီး သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ အယုံမလွယ်ခြင်း၊ အကောင်းအဆိုးကို ဝေဖန်သုံးသပ်နိုင်ခြင်း၊ စိတ်ခံစားမှုနောက်သို့ အလွယ်တကူမလိုက်ဖြစ်ခြင်းဆိုတာတွေကို ပိုင်ဆိုင်ထားသူတွေဖြစ်တယ်။

ကောင်းမှု၊ မကောင်းမှုတွေကို ဆန်းစစ်သိမြင်နိုင်စွမ်းရှိသူအဖြစ်လည်း ဝန်းကျင်က ယုံကြည်ကြတယ်။ အများယုံကြည်လေးစားခံရသူအဖြစ်လည်း မှတ်ကျောက်တင်ခံနိုင်ရည်ရှိတယ်။

ဒါကြောင့် မောင်တို့မယ်တို့ဟာ ဉာဏ်ပညာအမြော်အမြင်ရှိသူတွေဖြစ်လာအောင် ရည်မှန်းချက်ထားရှိကာ ကြိုးစားကြရမယ်။ ငယ်ရွယ်စဉ်ကနေ ပညာဆိုတဲ့အရာကို အတန်းပညာ၊ ကျောင်းပညာတစ်ခုတည်းကိုသာ ဖက်တွယ်မထားဘဲ လောကပညာရပ်တွေကို သိမြင်နှံ့စပ်နိုင်ကြဖို့အတွက် စာဖတ်ကြရမယ်။ စာပေလေ့လာဖတ်ရှုခြင်းကို အစဉ်တစိုက်လုပ်ဆောင်ကြရမယ်။ မိမိဘဝအတွက် ပညာဝမ်းစာကို ဖြည့်တင်းထားကြရမယ်။

ဒါမှသာ ဘဝဖြတ်သန်းမှုတစ်လျှောက်မှာ ကြုံတွေ့ကြရမယ့် လောကဓံအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းနိုင်ကာ ခေါင်းမော့ရင်ကော့ပြီး အနိုင်ရရှိသူတွေ ဖြစ်လာကြမှာဖြစ်တယ်။

မောင်တို့မယ်တို့ အမြော်အမြင်ရှိသူဖြစ်ချင်သလား။

ဉာဏ်ပညာအမြော်အမြင်ရှိသူတွေဖြစ်ဖို့အတွက် မောင်တို့မယ်တို့ကို လက်တို့ပေးထားတဲ့ ဖော်ပြပါအချက်အလက်တွေကို လေ့ကျင့်ပြုလုပ်နိုင်ပါက လောကကောင်းကျိုးသယ်ပိုးနိုင်ကြပြီး လောကကိုအလှဆင်နိုင်တဲ့ အမြော်အမြင်ရှိသူ သားကောင်း၊ သမီးမွန်တွေဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# သင်အမှန်တကယ်လိုချင်သည့်အိမ်ကို ဖန်တီးပါ

အောင်မြတ်စည်သူ

တစ်ကြိမ်တွင် စတိဗ်ဟာဒီဆန်နှင့် ကျွန်တော်သည် ကျွန်တော့်စီးပွားရေးပန်းတိုင်များ လက်တွေ့အကောင်အထည် မပေါ်လာအောင် ဟန့်တားနေသော ကျွန်တော့်အကျင့်ကောင်းများအကြောင်း ဆွေးနွေးနေစဉ် ကျွန်တော်က သူ့ကို ပြောချခဲ့သည်။

'ဒါပေမဲ့ ကျွန်တော် ဘာလို့ ဒါတွေလုပ်လဲ။ ကျွန်တော့်ကို အဲဒါတွေက အဟန့်အတားပြုမှန်းသိရင် ကျွန်တော် ဘာလို့ဆက်လုပ်သလဲ'

'ခင်ဗျားက သူတို့ရဲ့ ဌာနေအိမ်ဖြစ်နေလို့ပဲ။ ဌာနေအိမ်လို့ သူတို့ခံစားရတယ်။ ဒါတွေကို ခင်ဗျားလုပ်တဲ့အခါ ခင်ဗျား သက်သောင့်သက်သာရှိတဲ့အတွက် လုပ်တာပဲ။ အဲဒါကြောင့် ခင်ဗျားလုပ်ရတာကို သက်သောင့်သက်သာရှိတယ်။ ဒါကြောင့်ပဲ အဲဒါတွေနဲ့ အသားကျနေအောင်နေတယ်။ သူတို့ပြောသလိုပဲ ဌာနေအိမ်လိုကောင်းတဲ့ တခြားနေရာ မရှိဘူး' သူက ပြောလိုက်သည်။

'အိမ်' သည် ကောင်းစွာထိန်းသိမ်းမှု၊ အလှဆင်မှုမပြုလျှင် အကျည်းတန်သော နေရာဖြစ်နိုင်သည်။ 'အိမ်' သည် မှောင်မိုက်သော၊ စိုထိုင်းသော အကျဉ်းထောင်၊ အကျင့်ဆိုးနှင့် ပျင်းရိမှု အနံ့အသက်များထွက်နေရာအရပ် ဖြစ်နိုင်သည်။ သို့တိုင်အောင် မည်မျှဆိုးရွားလာသည်ပင်ဖြစ်စေ ထိုနေရာသာ လုံခြုံမှုရှိသည်ဟု ကျွန်တော်တို့ထင်သောကြောင့် ကျွန်တော်တို့ မခွာချင်တတ်သေးချေ။

သို့တိုင်အောင် ဟောင်းနွမ်းနေသောအိမ်ကို ကျွန်တော်တို့ ပို၍အနီးကပ်စစ်ဆေးကြည့်ရှုသောအခါ ကျွန်တော်တို့ တွေ့ကြုံခံစားနေရသည်ဟုထင်သော ဘေးကင်းလုံခြုံမှုသည် ကိုယ့်ကိုယ်ကိုယ် ကန့်သတ်မှုသက်သက်ပင်ဖြစ်ကြောင်း တွေ့မြင်လာသည်။

အိမ်မှထွက်ခွာရန်အတွက် အလွန်ခက်ခဲသည်။ ကျွန်တော်တို့အများစုသည် အခါခါကြိုးစားသော်လည်း အခါခါမအောင်မြင် ဖြစ်တတ်ကြသည်။ နိုအယ်ပေါလ်စတူကီသည် ဤခံစားချက်ကိုဖော်ကျူးသော လှပသည့်တေးတစ်ပုဒ်ဖြစ်သည့် 'The House Song' ဟူသော တေးကို ရေးသားခဲ့သည်။ အဖွင့်စာသားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

'ဗုဒ္ဓဟူးမနက်တိုင်း ဒီအိမ်ကို အရောင်းဈေးကွက်တင်တယ်။ နေ့ခင်းတိုင်း အရောင်းဈေးကွက်က ပြန်ရုပ်တယ်'

ဟာဒီဆန်၏ အိမ်နိမိတ်ပုံကို သဘောပေါက်ပြီးနောက်တွင် ကျွန်တော်သည် ကျွန်တော့်အိမ်မှ ပြောင်းရန်လိုအပ်ကြောင်း ချက်ချင်းသိမြင်ခဲ့သည်။ ကျွန်တော် ရပ်ကွက်ကောင်းကောင်းသို့ ပြောင်းရန် လိုအပ်ခဲ့သည်။ ပို၍ကောင်းမွန်သော အိမ်တစ်လုံး လိုအပ်ခဲ့သည်။

ကျွန်တော့်ကို ရည်မှန်းချက်ဆိုင်ရာ လှုပ်ရှားမှုများဆီသို့ စဉ်ဆက်မပြတ် ဦးတည်နေစေမည့်အကျင့်များရှိသော အိမ်တစ်လုံးလိုအပ်ခဲ့သည်။ ဟာဒီဆန်သည် ကျွန်တော်၏လှုပ်ရှားမှုများက ကျွန်တော့်ဘဝတစ်လျှောက်လုံး နေထိုင်သင့်ရာအဖြစ် ခံစားမိစေသည်အထိ ထိုဘက်သို့ ဦးတည်စေရန် ကျွန်တော့်ကို ကူညီနည်းပြခဲ့သည်။

အကျင့်ဆိုးများ ရွေးချယ်သည့်အနေဖြင့်သာ တူညီမျှမှုရှိသော ဟာဒီဆန်၏ 'အိမ်' နိမိတ်ပုံသည် ကျွန်တော့်စိတ်တွင် ကာလကြာမြင့်စွာ မြဲလာခဲ့သည်။ သိပ်မကြာမီကာလတွင် ကျွန်တော်သည် ကျွန်တော့်ကားတွင် ဖွင့်လှစ်ရန် စိတ်ဓာတ်မြှင့်တင်ရေး သီချင်းခွေတစ်ခွေကို စုစည်းနေခဲ့ရာ ထိုအခွေတွင် အယ်လ်ဗင်လီနှင့် Ten Years After ၏ ' I'm going Home' ဟူသော မြူးကြွကြွ သီချင်းကိုပါ ထည့်သွင်းခဲ့သည်။

ကျွန်တော်သည် ထိုသီချင်းကို အသံကုန်ဖွင့် နားထောင်လျက် ကားလျှောက်မောင်းစဉ် ဟာဒီဆန် ကျွန်တော့်ကို သင်ပြခဲ့သည့်အရာများအကြောင်း တွေးတောစဉ်းစားမိသည်။ ကျွန်တော်သည် ထိုသီချင်းအား အမြဲတစေပြောင်းရွှေ့ဝင်ရောက်ရာ အိမ်အသစ်ဖြစ်နေစေခဲ့သည်။

သင်ရောက်ရှိနေရာ စိတ်သန္တာန်၏ အိုးအိမ်ကို စွန့်ခွာရန် မကြောက်လန့်ပါနှင့်။ ပို၍ကြီးမားသစ်လွင် ပျော်ရွှင်ဖွယ်ကောင်းသောအိမ်ကို သင့်စိတ်ထဲတွင် တည်ဆောက်ပြီး ထိုအိမ်တွင် သွားရောက်နေထိုင်ခွင့်ပြုရန်နှင့်ပတ်သက်၍ စိတ်လှုပ်ရှားထက်သန်မှု ရှိပါ။

ကောလင်းဝီလ်ဆန်သည် သူ၏ လူသိနည်းလှသော လက်ကျန်မရှိတော့သည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည့် Necessary Doubt တွင် လူသားနှင့်ပတ်သက်၍ အများအပြား ရှာဖွေသိရှိလာခဲ့သော စိတ်ဝင်စားဖွယ်ရာ ဇာတ်ကောင်တစ်ကောင်ဖြစ်သည့် ဂပ်စ်တပ်နူမင်ဆိုသူကို ဖန်တီးခဲ့သည်။ တစ်နေရာတွင် နူမင်က 'လူတွေ သူတို့အိမ်ဆောက်ကြသလိုပဲ။ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးကို တည်ဆောက်ကြတယ်။ သူတို့ကိုယ်သူတို့ ကမ္ဘာလောကကြီးကနေ ကာကွယ်ဖို့ တည်ဆောက်တယ်ဆိုတာကို ကျွန်တော် သဘောပေါက်လာပြီး သူတို့က အဲဒါရဲ့ အကျဉ်းသားတွေ ဖြစ်လာတယ်။ လူအများစုက သူတို့ကိုယ်သူတို့ ဖျက်ဖို့ အဆောတလျင်ဖြစ်နေကြလို့ အိမ်တွေကို အရင်စလို ဆောက်လွန်းကြတယ်' ဟု ဆိုခဲ့သည်။

သင့်ကို ချောင်ပိတ်မိနေစေသော အကျင့်များကိုဖော်ထုတ်ပါ။ သင်၏အပြီးသတ်ကိုယ်ရည်ကိုယ်သွေးအဖြစ် ဆုံးဖြတ်ထားသောပုံရိပ်ကို ထုတ်ဖော်၍ သင့်ကို အန္တရာယ်နှင့် ကြီးထွားမှုမှ ကင်းဝေးစေအောင် အလျင်စလို တည်ဆောက်မှုဖြစ်နိုင်ကြောင်း လက်ခံပါ။

ထိုသို့ ပြုပြီးနောက်တွင် သင် ထွက်ခွာသွားနိုင်ပြီ။ သင်သည် ပုံစံပြားများ ထုတ်ယူ၍ သင် အမှန်တကယ်လိုချင်သည့် အိမ်ကို ဖန်တီးနိုင်သည်။

**Ref: Create the home you really want by Steve Chandler**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"မင်းဆီမှာရှိတဲ့ငွေပေး"

"ဘာလဲမောင်မောင်ဦး အခုချက်ချင်းသွားပေးတော့မလို့လား"

"ဒါပေါ့"

"အချိန်ကိုလည်းကြည့်ပါဦး"

"ကိစ္စမရှိပါဘူး"

"မနက်ဖြန်မနက်ကျမှပဲ လုပ်ပါလားကွာ"

"သူငယ်ချင်းရာ၊ ဒီညတစ်ညလုံး အိပ်မပျော်နိုင်မယ့်အတူတူ ကိစ္စပြီးအောင် ရှင်းလိုက်ကြပါစို့"

ကိုကျော့မောင် ဘာပြောရမည် မသိတတ်တော့ပြန်။ ညကြီးမင်းကြီး ငွေထုပ်ပိုက်၍ သွားရမည့်အဖြစ်ကိုမူ လိုလားနိုင်ခြင်းမရှိသည်အမှန်ပင်။ သို့ပေမဲ့ မောင်မောင်ဦးကို တားဆီး၍ မရနိုင်မှန်းသိသည်။ ငယ်သူငယ်ချင်းမို့ သူ့အကြောင်းကို အစင်းသိသည်။ သည်ကောင်က လူတစ်မျိုး။ သူလုပ်ချင်မိပြီဆိုလျှင် မည်သူမျှ တား၍ရတတ်သည်မဟုတ်။ ဖျောင်းဖျ၍ နာခံမည့်သူမဟုတ်။ ဇွတ်တရွတ်နိုင်သည်။ အဆုံးတွင် သူ့ကိုသာ အလျှော့ပေးရတတ်သည်။

ကိုကျော့မောင် လက်မှနာရီကို ကြည့်သည်။ တစ်နာရီ။

သူ့စိတ်မှာ အလိုလိုနေရင်း လေးလံလာသည်။ ရင်ထဲမှာ ထင့်နေသည်။

"မနက်ကျမှ သွားကြရအောင်ပါကွာ"

နောက်ဆုံးအကြိမ်အဖြစ် ပြောကြည့်မိသေးသည်။

"မင်းနေခဲ့ပါ။ ငါဘာသာသွားမှာပါ။ မနေ့ညကလည်း ဒီအချိန်လောက်မှာ ငါ ရေနံ့သာရွှေကို ရောက်ခဲ့သေးတယ်"

"ဟုတ်လား"

ကိုကျော့မောင် အံ့အားသင့်ရသည်။ ယမန်နေ့ညကအကြောင်းကို ယခု ကြားရခြင်းဖြစ်သည်။ သည်တော့လည်း စိတ်ထဲမှာ အနည်းအပါးဆိုသလို ပေါ့ပါးရသည်။ အင်း အပြောမြန်ပေလို့သာပဲ ထင်သည်။

"ဒီငွေတွေနဲ့ မင်းတစ်ယောက်တည်းသွားလို့ ဘယ်ဖြစ်မလဲ။ ငါလိုက်ခဲ့ပါမယ်ကွာ"

သို့ဖြင့် သူတို့နှစ်ယောက် အိမ်မှ ထွက်ခဲ့ကြသည်။

ညသည် ယမန်နေ့ညကနှင့် လုံးဝမတူချေ။ ယမန်နေ့ညက ကောင်းကင်မှာ ကြည်လင်နေသည်။ လဝန်းပေါ်ထွန်းနေသည်။ သည်ကနေ့ညတွင်မူ ကောင်းကင်တွင် မိုးရိပ်မိုးဆင်ကို တွေ့ရသည်။ လမသာ၊ ကြယ်မမြင်ရ၊ တိမ်ဖြင့် ပိန်းပိတ်နေသည်။ မိုးနံ့ရနေသည်။

မိုးခြိမ်းသံများကို ကြားရသည်။ တစ်ခါတစ်ရံ လျှပ်စီးလက်ပြက်တတ်သည်။

လူတို့အိပ်စက်ကုန်ကြလေပြီ။ လမ်းပေါ်မှာ သူတို့နှစ်ယောက်တည်းရှိသည်။ ကမ္ဘာလောကတစ်ခုလုံး အိပ်မောကျနေချိန်၌ မိမိတို့သာ လှုပ်ရှားသွားလာနေကြသည်ထင်ရ၏။ ကိုကျော့မောင်မှာ သွားရပြန်ရမည့်ခရီးကိုတွက်ရင်း ရင်မောနေမိသည်။

သို့ပေမဲ့ ကံအားလျော်စွာ ကမ္ဘာအေးဘုရားအရောက်တွင် ညဥ့်လုံးပေါက်ပြေးဆွဲသော အငှားသုံးဘီးကားကိုရသည်။ သူတို့ကားပေါ်သို့ရောက်ချိန်၌ မိုးတဖွဲဖွဲရွာကျလာသည်။

ဦးမွန်ကြီးသည် ခိုအိမ်လေးထဲမှနေကာ တဖွဲဖွဲရွာကျနေသော မိုးပွားကလေးများကို စူးစိုက်ကြည့်နေသည်။ သည်ကနေ့ည သူ တဝါးဝါးသမ်းဝေနေသည်။ မိုးတဖွဲဖွဲရွာနေသောညမျိုးကို သူ့လိုခြံစောင့်တိုင်းက မုန်းတီးတတ်ကြပေသည်။

စင်စစ်တွင်လည်း အခြားသူတို့ အိပ်စက်နေချိန်၊ အမှောင်ကြီးစိုးထားချိန်တွင် မိမိအနေနှင့် မအိပ်စက်ရပဲနေသည့်အဖြစ်ကို ဦးမွန်ကြီး မကြာခဏ မကျေမနပ်ဖြစ်ခဲ့ဖူးသည်။ လောကတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေချိန်တွင် တစ်နာရီပြီးတစ်နာရီ အချိန်များ ကုန်ဆုံးပစ်နေရသည့်အဖြစ်မှာ အသည်းနာစရာကောင်းသည်ဟု ဦးမွန်ကြီး အသိသားပင်။ ဝမ်းတစ်ထွာအတွက်သာ မဟုတ်ပါက သည်အလုပ်လောက် စိတ်မရှည်ချင်စရာကောင်းသောအလုပ်ကို သူလုပ်မိမည်မဟုတ်။ အထူးသဖြင့် မိုးက ခုနစ်ရက်ခုနစ်လီ ဆက်ပြီးရွာချနေချိန် သို့မဟုတ် မိုးဖွဲကလေးတွေ ခပ်ကျဲကျဲရွာနေချိန်မျိုးတွင် မိမိဘဝကို မိမိ နာကြည်းလာမိလောက်အောင် ပျင်းရိခြင်းကို ခံစားရတတ်သည်။ ယင်းညမျိုးကို ဦးမွန်ကြီး မုန်းတီးမိသည်။

ယင်းအချိန်မှာပင် ဦးမွန်ကြီးအတွက် အပျင်းပြေရစေမည့် အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာသည်။

ခြံရှေ့တွင် သုံးဘီးကားတစ်စီး ထိုးဆိုက်လာခြင်းဖြစ်သည်။ ဦးမွန်ကြီးသည် ပေါ့ပါးဖျတ်လတ်စွာဖြင့် ထိုင်ရာမှ ထလိုက်လေသည်။

ကိုမောင်မောင်ဦး သုံးဘီးကားပေါ်မှ ဆင်းသည်။ ရေနံ့သာခြံတံခါးဝသို့ ကပ်လာသည်။ သည်တွင်ပင် သူသည် သူနှင့်တံခါးတစ်ဖက်တစ်ချက်စီ မျက်နှာချင်းဆိုင်ရပ်လင့်နေသော ဦးမွန်ကြီးကို ပက်ပင်းပါ တွေ့လိုက်ရလေသည်။

"ခင်ခင်ကြီးနဲ့တွေ့ချင်လို့"

ကိုမောင်မောင်ဦး ဆိုသည်။

"ခင်ဗျား လာနှောင့်ယှက်တာ ဒါပါနဲ့ဆို နှစ်ခါရှိပြီ"

ဦးမွန်ကြီးက ကိုမောင်မောင်ဦးကို မှတ်မိဟန်ဖြင့် ဆိုသည်။

"ဒီတစ်ခါလာတာ နှောင့်ယှက်ဖို့မဟုတ်ပါဘူး။ ရှင်းစရာရှိလို့ပါ။ ဒီလိုလုပ်ဗျာ အထဲကိုမဝင်နဲ့ဆိုရင် မဝင်ပါဘူး။ ခင်ခင်ကြီးကို ဒီနေရာခေါ်ပေးပါ။ ဟုတ်လား"

"သူ အိပ်နေပြီ"

"မောင်မောင်ဦးက ငွေကိစ္စပြောချင်လို့ပါဆိုရင် သူထလာမှာပါ"

ကိုမောင်မောင်ဦး၏စကားကို ဦးမွန်ကြီး ကျိတ်ရယ်လိုက်သည်။ အင်း ... တစ်ပွဲတစ်လမ်း တွေ့ရဦးတော့မှာပါကလား တွေးသည်။

"သူ အိပ်ရာက ဘယ်နည်းနဲ့မှ ထမလာပါဘူး၊ ပြီးတော့ သူ ကျုပ်ကိုလည်း ယတိပြတ်အမိန့်ပေးပြီးသားပဲဟာ။ ခင်ဗျားကို ခြံဝင်းထဲဝင်ခွင့်ပေးဖို့မပြောနဲ့ ခြံရိပ်တောင် မနင်းစေရဘူးတဲ့"

ကိုမောင်မောင်ဦး အကြံအိုက်သလိုဖြစ်သွားသည်။ သူသည် တံခါးမှကျော်ကာ အိမ်ဆီသို့ ကြည့်သည်။ တစ်အိမ်လုံး မှောင်ကျနေသည်။ ငြိမ်သက်တိတ်ဆိတ်နေသည်။

"တဆိတ် ကျေးဇူးပြုပြီး ဆောင်ရွက်ပေးစမ်းပါဗျာ။ ခင်ခင်ကြီးကို ခေါ်ပေးစမ်းပါ။ ကိစ္စက သိပ်ကိုအရေးကြီးနေလို့ပါ"

"ကျုပ် စကားနှစ်ခွန်းမပြောတတ်ဘူး။ ခင်ဗျားပြောတာတွေ တစ်ခုမှလုပ်မပေးနိုင်ဘူး။ အကောင်းဆုံးကတော့ ဒီနေရာကနေ ချက်ချင်းလှည့်ပြန်သွားဖို့ပဲ"

ကိုမောင်မောင်ဦး၏မျက်နှာမှာ တင်းမာလာသည်။ မျက်လုံးများက အရောင်တောက်လာသည်။

"ဒီမယ် ကျွန်တော်တောင်းပန်ပါတယ်ဗျာ။ သူနဲ့ မတွေ့ရင် မဖြစ်လို့ပါ"

ဦးမွန်ကြီး စိတ်တိုလာလေပြီ။ လက်ဝှေ့သမားဟောင်းတစ်ဦးဖြစ်သည်နှင့်အညီ စိတ်တိုလာသည်ဆိုသည်နှင့်တစ်ပြိုင်နက် ဆေးထချင်သလိုလို၊ နတ်ပူးချင်သလိုလို၊ အာဠဝကကပ်ချင်သလိုလို ဖြစ်လာသည်။

"နောက်ဆုံးပြောလိုက်မယ်၊ အခုလည်း မတွေ့ရဘူး၊ နောင်ကိုလည်း မတွေ့ရဘူး၊ ဒါပဲ"

ကိုမောင်မောင်ဦးမှာ ခံပြင်းသလို ဖြစ်လာသည်။

"မနက်မိုးလင်းချင် လင်းစေဗျာ၊ ခင်ခင်ကြီးနဲ့ မတွေ့ရမချင်း ကျုပ်မပြန်ဘူး"

"ရော...ဒီလူခက်နေပါရော့လား"

ဦးမွန်ကြီးသည် တစ်ကိုယ်တည်းညည်းညူသလို ဆိုလိုက်သည်။ သူသည် တံခါးသော့ခလောက်ကို ဖွင့်လိုက်သည်။ သည်တော့လည်း ကိုမောင်မောင်ဦးမှာ သူ့အတွက် တံခါးဖွင့်ပေးသည်ဟု ထင်ပုံရသည်။ ဝမ်းပန်းတသာ ဖြစ်သွားသည်။

တံခါးသည် လူတစ်ကိုယ်စာ ပွင့်သွားသည်။ ကိုမောင်မောင်ဦး အလျင်စလိုဝင်သည်။ သည်မှာတွင်ပင် သူ၏မျက်နှာမှာ ပူခနဲ ဖြစ်သွားသည်။ မျက်စိမှာ မီးဝင်းဝင်းတောက်သွားသည်။ ကိုယ်မှာ နောက်သို့ယိုင်သွားရသည်။ ရှေ့မှ အတားအဆီး တစ်ခု ရုတ်တရက် ပေါ်ပေါက်လာသည့်နှယ်ပင်။

ကိုမောင်မောင်ဦးသည် မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် အံ့ဩသွားသည်။ ကာကွယ်ရန် အချိန်မရလိုက်၊ အထိုးအနှက်ခံလိုက်ရပြီဆိုသည်ကို သိသည်။ လက်သီးချက်က တစ်ချက်တည်းမဟုတ်ခဲ့။ တစ်လုံးပြီးတစ်လုံး တစ်ချက်ပြီးတစ်ချက်။ မျက်နှာ ဝမ်းဗိုက်နှင့် ကိုယ်အနှံ့အပြားသို့ ထိခိုက်မိသည်။ အဆုံးတွင် မြေသို့ ဘုံးဘုံးလဲရသည်အထိ။ မြေကြီးနှင့် မျက်နှာအပ်မိသည်အထိ။

ဦးမွန်ကြီးသည် ဝူးခနဲလေမှုတ်ထုတ်လိုက်သည်။ လဲကျနေသော ကိုမောင်မောင်ဦးကို ငုံ့ကြည့်သည်။ လက်သီးပုန်းရော၊ ဒူးပျံရော၊ ခြေဖျားပါ မိသွားသဖြင့် ထိုသူ သက်သာလှမည်မဟုတ်ကြောင်း အတပ်သိသည်။ သနားတော့ အသနားမိသား။ သို့ပေမဲ့ ထမင်းရှင်၏စကားကို နာခံရမည်ပင်။ သူ့ဆန်စားရဲမှဆို မဟုတ်လား။

ယင်းအချိန်တွင် သုံးဘီးကားပေါ်မှ ကျန်ရစ်သော ကိုကျော့မောင်သည် ထိတ်ထိတ်ပျာပျာအမူအရာဖြင့် ကားပေါ်မှ ဆင်းလာသည်။ ဦးမွန်ကြီးသည် ကိုကျော့မောင်ဘက်သို့ လှည့်လိုက်သည်။ အသင့်အနေအထား ရှိနေသည်။

"မောင်မောင်ဦး၊ မောင်မောင်ဦး"

ကိုကျော့မောင်သည် စိုးရိမ်ကြီးစွာဖြင့်ခေါ်ရင်း ပြေးလာသည်။

အစသော် ကိုမောင်မောင်ဦးမှာ သတိလစ်ဟင်းမတတ်ဖြစ်နေသည်။ သူ၏အမည်ကို ခေါ်သံကြားတော့မှ ကောင်းစွာသတိရသည်။ သူသည် ထနိုင်အောင်ကြိုးစားသည်။ ထိုအချိန်မှာပင် သူ၏လက်တစ်ဖက်သည် အလတ်စား ပန်းအိုးတစ်အိုးကို ထိတွေ့ဆုပ်ကိုင်မိလေသည်။ သူ၏အသိမှာ ဝေနေသည်။ ဝါးနေသည်။ ပန်းအိုးကိုကိုင်လျက် မတ်တတ်ရပ်လိုက်သည်။

"ခင်ဗျား သူ့ကိုဘာလုပ်လိုက်သလဲဟင်"

ကိုကျော့မောင်သည် ဦးမွန်ကြီးအား အပြစ်တင်နေသည်။

ဦးမွန်ကြီး တစ်စုံတစ်ရာ ပြောမည်ပြုသည်။ သို့ရာတွင် သူ့ပါးစပ်မှစကားသံအစား ညည်းညူသံ ထွက်လာသည်။

